# ခင်ပွန်းကြီးဆယ်ပါး

## ပူဇော်ကျိုး နှင့် ပြစ်မှားကျိုး



သစ္စာဝါဒီဦးမြင့်အောင် စုဆောင်းပူဇော်သည်။

- ခင်ပွန်းကြီးဆယ်ပါးတို့၏ ဂုဏ်ကျေးဇူးကို အစဉ်အလေးအမြတ်ပြု၍ နှလုံးသွင်း ဆင်ခြင်လျက် ကျေးဇူးဆပ် ဆည်းကပ်ပူဇော်ရှိခိုးကန်တော့ကြကုန်၏။
- ထိုသူတို့သည် ပစ္စုပ္ပန်ဘဝ၌လည်း ဘေးရန်ကင်းကွာကောင်းကျိုးချမ်းသာ မင်္ဂလာတို့နှင့် ပြည့်စုံကြကုန်၏။
- သံသရာ၌လည်း ကောင်းကျိုးပွားတိုး၍ ချမ်းသာသုခရှိကြကုန်၏။
- ခင်ပွန်းကြီးဆယ်ပါး၏ ဂုဏ်ကျေးဇူးကို ချေဖျက်စော်ကားပြစ်မှားလျက် ထိုအပြစ်ကို ကျေအေးအောင် ဝန်ချတောင်းပန်ကန်တော့ခြင်း မပြုကြကုန်သော သူတို့သည် ပစ္စုပ္ပန်ဘဝ၌လည်း ကြောက်မက်ဖွယ်ရာ ဒဏ်ဆယ်ပါးသင့်၍ ဆင်းရဲခြင်းသို့ ရောက်ကြကုန်၏။
- သံသရာ၌လည်း ဆင်းရဲမဆုံး ဆက်ကာ ဆက်ကာ ဆင်းရဲကြကုန်၏။
- ခင်ပွန်းကြီးဆယ်ပါးကို အစဉ်လေးမြတ်ပူဇော်ပါ။ ဘယ်ခါမှ မပြစ်မှားကြပါနှင့်။



## ဒို့တာဝန်အရေးသုံးပါး

- ✪ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ✪ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ✪ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✪ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✪ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✪ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✪ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✪ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✪ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ✪ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✪ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✪ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ✪ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ခင်ပွန်းကြီးဆယ်ပါး

# ပူဇော်ကျိုး

# နှင့်

# ပြစ်မှားကျိုး

သစ္စာဝါဒီဦးမြင့်အောင်

# ပုံနှိပ်ထုတ်ဝေမှု မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၆၀၀၀၁၅၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၁၀၇၀၂၁၀

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | သင့်မြတ် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၁၀၁၊ ဒုထပ်(ဝဲ)၊ ၃၈-လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း(မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/ခ၊ သံလွင်လမ်း၊ ဗဟန်း။ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ မတ်လ။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၆၀၀ ကျပ် |

၂၉၄.၃

မြင့်အောင် ၊ ဦး ၊ သစ္စာဝါဒီ
ခင်ပွန်းကြီးဆယ်ပါး ပူဇော်ကျိုးနှင့် ပြစ်မှားကျိုး / သစ္စာဝါဒီဦးမြင့်အောင်။
- ရန်ကုန် ၊
တော်ဝင်မြို့မစာပေ ၊ ၂၀၀၉။
၈၆ - စာ ၊ ၃၃.၀၂ စင်တီ × ၂၃.၇ စင်တီ။
(၁) ခင်ပွန်းကြီးဆယ်ပါး ပူဇော်ကျိုးနှင့် ပြစ်မှားကျိုး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ခင်ပွန်းကြီးဆယ်ပါး | ၉ |
| ၂။ | ခင်ပွန်းကြီးဆယ်ပါး ဂုဏ်ကျေးဇူး | ၁၄ |
| ၃။ | ခင်ပွန်းကြီးဆယ်ပါး ပူဇော်ကျိုးနှင့်ပြစ်မှားကျိုး | ၃၉ |
| ၄။ | ခင်ပွန်းကြီးဆယ်ပြား ပူဇာအစီအရင်နှင့် ခင်ပွန်းကြီးဆယ်ပါး ရှိခိုးကန်တော့ ဝန်ချတောင်းပန် ဆုတောင်းမေတ္တာပို့ အမျှဝေ။ | ၄၂ |
| ၅။ | တေမိယဇာတ်လာ မိတ္တပူဇာ ဆယ်ဂါထာမြန်မာပြန်။ | ၅၂ |
| ၆။ | ခင်ပွန်းကြီးအစစ်ကလျာဏမိတ်ဆွေကောင်းကို ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်ပါ။ | ၆၇ |
| ၇။ | ခင်ပွန်းကြီးဆယ်ပါး ဆိုရိုးစကား၏ မူလဇစ်မြစ်။ | ၈၀ |
| ၈။ | ကျမ်းညွှန်း | ၈၅ |
| ၉။ | အာသီသဆုတောင်း | ၈၆ |

## သတိပြုဆင်ခြင်ဖ

- ခင်ပွန်းကြီးဆယ်ပါးတို့၏ ဂုဏ်ကျေးဇူးကို အစဉ်အလေးအမြတ်ပြု၍ နှလုံးသွင်းဆင်ခြင်လျက် ကျေးဇူးဆပ် ဆည်းကပ်ပူဇော်ရှိခိုးကန်တော့ကြကုန်၏။
- ထိုသူတို့သည် ပစ္စုပ္ပန်ဘဝ၌လည်း ဘေးရန်ကင်းကွာကောင်းကျိုးချမ်းသာ မင်္ဂလာတို့နှင့် ပြည့်စုံကြကုန်၏။
- သံသရာ၌လည်း ကောင်းကျိုးပွားတိုး၍ ချမ်းသာသုခရရှိကြကုန်၏။
- ခင်ပွန်းကြီးဆယ်ပါး၏ ဂုဏ်ကျေးဇူးကို ချေဖျက်စော်ကားပြစ်မှားလျက် ထိုအပြစ်ကို ကျေအေးအောင် ဝန်ချတောင်းပန်ကန်တော့ခြင်းမပြုကြကုန်။
- ထိုသူတို့သည် ပစ္စုပ္ပန်ဘဝ၌လည်း ကြောက်မက်ဖွယ်ရာ ဒဏ်ဆယ်ပါးသင့်၍ ဆင်းရဲခြင်းသို့ ရောက်ကြကုန်၏။
- သံသရာ၌လည်း ဆင်းရဲမဆုံး ဆက်ကာ ဆက်ကာ ဆင်းရဲကြကုန်၏။
- ခင်ပွန်းကြီးဆယ်ပါးကို အစဉ်လေးမြတ်ပူဇော်ပါ။ ဘယ်ခါမှ မပြစ်မှားကြပါနှင့်။

## ခင်ပွန်းကြီးဆယ်ပါး

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ခင်ပွန်းကြီးဆယ်ပါး ဆိုရိုးစကားကို ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်းလိုလို ကြားဖူးကြပေလိမ့်မည်။

ခင်ပွန်းကြီးဆယ်ပါး ဟူသော ဝေါဟာရသည် ရှေးအစဉ်အလာမှစ၍ မြန်မာမှုနယ်ပယ်တွင် လူကြီးလူငယ်အားလုံးတို့ အလေးဂရုထားကာ နားယဉ်ခဲ့ကြသော စံပြုထိုက်သည့် ဝေါဟာရအသုံးဖြစ်သည်။

သို့သော် ထိုခင်ပွန်းကြီးဆယ်ပါးတို့နှင့် အလေးဂရုပြုအပ်သော ဂုဏ်ကျေးဇူးတို့အပြင် ခင်ပွန်းကြီးဆယ်ပါးတို့အား ဆည်းကပ်ပူဇော်ရခြင်း၏အကျိုးနှင့် ပြစ်မှားခြင်းပြုမိသူတို့အား ကျရောက်ခံစားရမည့်အပြစ်တို့ကို ဖော်ညွှန်းတင်ပြလိုပါသည်။

ခင်ပွန်းကြီးဆယ်ပါး ဟူသည် အဘယ်တို့နည်း။

ခင်ပွန်းကြီးဆယ်ပါးတို့၏ ဂုဏ်ကျေးဇူးတို့ကား အဘယ်တို့နည်း။

ခင်ပွန်းကြီးဆယ်ပါးတို့အား ဆည်းကပ်ပူဇော်ရခြင်း၏အကျိုးတို့ကား အဘယ်တို့နည်း။

ခင်ပွန်းကြီးဆယ်ပါးတို့အား ပြစ်မှားခြင်းပြုမိသူတို့အား ကျရောက်ခံစားရမည့်အပြစ်တို့ကား အဘယ်တို့နည်း။

ခင်ပွန်းကြီးဆယ်ပါးနှင့် အလေးအမြတ်ပြုအပ်သောဂုဏ်ကျေးဇူး စသည့်အကြောင်းခြင်းရာတို့ကိုထား၍ ခင်ပွန်းဟူသော ဝေါဟာရ၏ အနက်အဓိပ္ပါယ်အနှစ်သာရကိုပင် ပြည့်စုံအောင်သိသူတို့ကား ခပ်ရှားရှားဖြစ်ပေလိမ့်မည်။ စာရေးသူကိုယ်တိုင်လည်း ထူးမခြားနားအသိနည်းပါး ယောင်ဝါးဝါးသာ ဖြစ်ခဲ့ဖူးပါသည်။

တော်ဝင်မြို့မစာအုပ်တိုက်

ခင်ပွန်း ဟူသည် . .

ခင် ပွန်း . . . ခင်ပွန်းဆိုတာ ခင်လျှင် ပွန်းတာပေါ့ . .

စာရေးသူငယ်စဉ်ကာလ ကလေးဘဝက ခင်ပွန်းဟူသောဝေါဟာရကို ကလေးအတွေးဖြင့် ခပ်တိမ်တိမ် တွေးဆဖူးခဲ့ပါသည်။

နုနယ်သော အသိဉာဏ်မကြွယ်သည့် ကလေးတစ်ယောက်အတွက် သည်အတွေးသည် သာဖြစ်တော့သည်။

ဘယ်သူ့ကိုမှ ယုံကြည်အားထားမခင်တတ်တော့။ စိမ်းစိမ်းတောက်တောက်၊ တစ်ကိုယ်ကောင်းဆန်ဆန်၊ ဂျစ်တီးဂျစ်ကန်၊ ဂွတီးဂွကျ၊ လူ့ကန့်လန့်လေးဖြစ်လာသည်။

သို့ရာတွင် လူ့သဘာဝအလျောက် ခင်စရာတွေ့တော့လည်း ခင်မိသည်။ မခင်ဘဲမနေနိုင်။ ခင်စရာကောင်းသော အပေါင်းအသင်းသူငယ်ချင်းများ ရလာတော့ ခင်ပွန်းဆိုတာ မိတ်ဆွေကို ဆိုတာပါကလား ဟု သိလာရသည်။

သည့်ထက်တိုး၍ အရွယ်ရောက်လာသည့်အခါ ခင်တာထက်ပိုသော အခင်ပိုရသည့် ချစ်သူနှင့် တွေ့လာရသည့်အခါမှာတော့ အခင်မပိုဘဲ မနေနိုင်။ ပွန်းကာမှပွန်းရော၊ လက်တွဲမဖြုတ်တမ်း ဘဝခရီးလမ်း တူနှစ်ကိုယ်လျှောက်လှမ်းရသည့်အခါတွင်မှ ခင်ပွန်းဆိုတာ လင်ယောကျ်ားအတွက် ဇနီးမယားကို ဆိုတာဖြစ်ပြီး ဇနီးမယားအတွက် လင်ယောကျ်ားကိုဆိုတာပါကလားဟု အသိတိုးရပြန်သည်။

ထို့ထက်ပို၍ အသိပညာဗဟုသုတ တိုးလာသည့်အခါတွင်မှ ခင်ပွန်းဆိုတာ ခင်ပွန်းဆိုနိုင်ရုံမျှသာမက သည်ထက်သာလွန်၍ အလေးအမြတ်ပြုအပ်သော ခင်ပွန်းကြီးများရှိကြောင်းနှင့် ခင်ပွန်းကြီးဆယ်ပါးဟူ၍ မြန်မာမှုနယ်ပယ်တွင် အထူးအားဖြင့် အလေးအမြတ်ပြုစုံထားခဲ့ကြကြောင်း သိလာရသည့်အခါတွင် ထိုခင်ပွန်းကြီးဆယ်ပါးတို့၏ ဂုဏ်ကျေးဇူးကို နှလုံးသွင်းဆင်ခြင်လျက် ရှိသေလေးမြတ်စွာ ပူဇော်လိုသကဲ့သို့ မပြစ်မှားသင့်၊ မပြစ်မှားထိုက်သော ခင်ပွန်းကြီးများကို ပြစ်မှားမိက ကြီးမားသော ဒဏ်တို့သင့်ကာ ဆင်းရဲဒုက္ခတွေ့ကြုံခံစားရတတ်ကြောင်းတို့ကို သတိပြုအလေးထားမိပါတော့သည်။

## ခင်ပွန်းကြီးဆယ်ပါး (သို့မဟုတ်) ကျေးဇူးရှင်ကြီးဆယ်ပါး

သဗ္ဗညုတဉ်၊ သုံးလူ့မြတ်စွာ၊ ပစ္စေကာနှင့်သံဃာအများ၊ ထွတ်ဖျားရဟန္တာ၊ ဂုဏ်ဝါကွန့်မြူး ကျေးဇူးကြီးလှ၊ မိနှင့်ဘ တည်း၊ ပြသတတ်သင်၊ မြူပြင်ဆုံးမ၊ ဟောထတရား၊ စောင့်ထားသီလ၊ ဤဆယ်ဆဟု၊ မုဂပက္ခ၊ ဇာတ်တော်ပြသည်၊ ကြီးလှကျေးဇူး ခေါင်အထူး။

ဟူ၍ ရှေးရိုက်ဘုရားရှိခိုးစာအုပ်များတွင် လာရှိပါသည်။ လုံးတော်ဆဲရာတော်၏ ပုဏ္ဏာ ပကိဏ္ဏကကျမ်းတွင်မူ . . .

ဗုဒ္ဓါ ပစ္စေက ဗုဒ္ဓါစ၊ အရဟာ အဂ္ဂသာဝကာ
မာတာပီတု ဂုရုသတ္တာ၊ ဒါယကာ ဓမ္မဒေသကာ

ဟူ၍ ပါဠိဖြင့်ဖော်ညွှန်းပြဆိုထားပါသည်။ ထို့အတူ . . .

ဘုရားပစ္စေကာ၊ ရဟန္တာ ဝဲယာ မိနှင့်ဘ
ဂုဏ်ကြီးဆရာ ပေးကမ်းပါ၊ ဟောကာတရားပြ
ခင်ပွန်းကြီးသရုပ် အကျဉ်းချုပ်၊ သိမ်းထုတ်မှတ်ကုန်ရာ

ဟူ၍ လင်္ကာပြဆိုထားသည်ကိုလည်း တွေ့ရှိမှတ်သားရပါသည်။

**လောကတွင် မည်သူမဆို မည်သည့်အခါမှ ပြေမိမ်ျားထိုက် အစဉ်အလေးဝဈပြု ပူဇော်အပ်သော ခင်ပွန်းကြီးဆယ်ပါး (ကျေးဇူးရှင်ကြီး ဆယ်ပါး)**

၁။ ဗုဒ္ဓ = သဗ္ဗညုဘုရားရှင်

၂။ ပစ္စေကဗုဒ္ဓ = ပစ္စေကဗုဒ္ဓါ

၃။ အရဟာ = သာဝကရဟန္တာ

၄။ အဂ္ဂသာဝက = လက်ျာရံ၊ လက်ဝဲရံ

၅။ မာတာ = အမိ

၆။ ပိတာ = အဖ

၇။ ဂုရု = ဆရာ

၈။ သတ္ထာ = အဖန်တလဲလဲမပြတ် ဆုံးမပေတတ် ဆရာမြတ်

၉။ ဓမ္မဒေသကာ = တရားဓမ္မဟောကြားညွှန်တတ်ပုဂ္ဂိုလ်မြတ်

၁၀။ ဒါယကာ = ကျွေးမွေးထောက်ပံ့ကျေးဇူးပြုဖူးသောပုဂ္ဂိုလ်

ဤခင်ပွန်းကြီးဆယ်ပါး (ကျေးဇူးရှင်ကြီးဆယ်ပါး) တို့၏ ကျေးဇူးကို အစဉ်သိလျက် ရှိသေလေးမြတ် အစဉ်ပူဇော်အပ်ပါသည်။



(၁)

မြတ်စွာဘုရား

## ခင်ပွန်းကြီးဆယ်ပါး ဂုဏ်ကျေးဇူး

### (၁) မြတ်စွာဘုရား

မြတ်စွာဘုရားသခင်၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့သည် အဆုံးအစမရှိ ကျယ်ဝန်းလှပါသည်။

လောကသုံးပါး၏ အတုမဲ့ထွတ်ထား အနန္တဂုဏ်အင် အနှိုင်းမဲ့ကျေးဇူးတော်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သံသရာဝဋ်ဆင်းရဲအတွင်း၌ ဒုက္ခအဖုံဖုံတွေ့ကြုံခံစားနေကြရသော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့အား ထိုသံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်ကယ်တင်၍ ရာဂ၊ ဒေါသ စသော ဆယ့်တစ်မီးတို့၏ ငြိမ်းအေးရာ အမှန်ဖြစ်သော နိဗ္ဗာန်သို့ ပို့ဆောင်ကယ်တင်တော်မူတတ်သောကြောင့် အနှိုင်းမဲ့ကျေးဇူးတော်ရှင်ကြီး ဖြစ်ပါသည်။

### မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါး

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော သုံးလောကထွတ်တင် အနှိုင်းမဲ့ကျေးဇူးတော်ရှင်မြတ်စွာဘုရားသခင်၌ ဤသို့ဂုဏ်တော်ကိုးပါးရှိတော်မူပါသည်။

(၁) ကိလေသာမှ ဝေးကွာခြင်း၊ ကိလေသာရန်သူကို သတ်တတ်ခြင်း၊ သံသရာလည်ပတ်ခြင်းကို ဖျက်ဆီးတတ်ခြင်း၊ ပူဇော်အထူးကို ခံယူတော်မူထိုက်ခြင်း၊ ဆိတ်ကွယ်ရာ၌ပင် မကောင်းမှုကို ပြုတော်မမူခြင်း ဟူသော (အရဟံ) ဂုဏ်တော်။

(၂) တရားအားလုံးကို ဆရာမကူ သယမ္ဘူဉာဏ်တော်စွမ်းပကား ပါရမီတော်အားဖြင့် မိမိအလိုလို မှန်ကန်စွာသိတော်မူခြင်း ဟူသော (သမ္မာသမ္ဗုဒ္ဓ) ဂုဏ်တော်။

(၃) အသိဉာဏ် (ဝိဇ္ဇာ) အကျင့် (စရဏ) တို့ဖြင့် ပြည့်စုံတော်မူခြင်း ဟူသော (ဝိဇ္ဇာစရဏ သမ္ပန္န) ဂုဏ်တော်။

(၄) နိဗ္ဗာန်သို့ကောင်းစွာသွားတတ်ခြင်း၊ ကောင်းစွာဟောတော်မူခြင်းဟူသော (သုဂတ) ဂုဏ်တော်။

(၅) သတ္တဝါ (သတ္တလောက) တို့၏ တည်နေရာ (ဩကာသလောက)၊ အရာအားလုံးတို့၏ ဖြစ်ပျက်မှု (သင်္ခါရလောက)၊ ဤလောကအကြောင်းကို သိတော်မူခြင်း ဟူသော (လောကဝိဒူ) ဂုဏ်တော်။

(၆) မယဉ်ကျေးသူ၊ ဆုံးမထိုက်သူတို့ကို ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမတတ်ခြင်းဟူသော (အနုတ္တရောပုရိသ ဓမ္မသာရထိ) ဂုဏ်တော်။

(၇) နတ်လူအားလုံးတို့၏ ဆရာဖြစ်ခြင်းဟူသော (သတ္ထာဒေဝမနုဿနံ) ဂုဏ်တော်။

(၈) မဖောက်မပြန် အမှန်ဖြစ်သော သစ္စာလေးပါးကို ထိုးထွင်းသိမြင်ခြင်း ဟူသော (ဗုဒ္ဓေါ) ဂုဏ်တော်။

(၉) ဘုန်းတော်အမျိုးမျိုးရှိတော်မူခြင်းဟူသော (ဘဂဝါ) ဂုဏ်တော်။

သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်သည် ဤဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံတော်မူပါပေသည်။ ထို့ပြင်လည်း အခြားသောဂုဏ်တော်များလည်း မြတ်စွာဘုရားရှင်၌ရှိနေတော်မူပါသေးသည်။ ဝီရိယကြီးမားတော်မူခြင်း၊ ရိုးဖြောင့်တော်မူခြင်းစသော သာမန်ဂုဏ်များသည်ကား မြတ်စွာဘုရားရှင်အတွက် မပြောပလောက်သောဂုဏ်မျှသာ ဖြစ်တော်မူပါပေသည်။

## အနှိုင်းမဲ့ ကျေးဇူးရှင် ခင်ပွန်းကြီးဖြစ်တော်မူပုံ

ဗုဒ္ဓမြတ်စွာလောင်းလျာသည် သုမေဓာရှင်ရသေ့ဖြစ်ရာဘဝ၌ပင် . .

"ငါသည် ကိလေသာကုန်ခမ်းသည့် ရဟန္တာဖြစ်လိုလျှင် ယနေ့ပင် ဖြစ်နိုင်ရာ၏။ သို့သော် သတ္တဝါအများကို ကယ်တင်နိုင်လောက်သော အစွမ်းရှိပါလျက် တစ်ဦးတည်းကိုယ်လွတ်ရုန်းသွားခြင်းကား မသင့်လျော်ချေ။ ငါလည်း ဒီပင်္ကရာဘုရားကဲ့သို့ ဘုရားဖြစ်အောင်ကြိုးစားတော့အံ့"

ဟု စွဲမြဲစွာအဓိဋ္ဌာန်ပြုတော်မူလေသည်။

* ဗုဒ္ဓေါဗောဓေယျံ - သစ္စာတရားကို ငါသိသလို သတ္တဝါဝေနေယျတို့ကိုလည်း သိစေမည်။

* မုတ္တောမောစေယျံ - ဘဝအနှောင်အဖွဲ့မှ ငါလွတ်သလို သတ္တဝါဝေနေယျတို့ကိုလည်း လွတ်စေမည်။
* တိဏ္ဏောတာရေယျံ - သံသရာဝဲဂယက်မှ ငါကူးမြောက်နိုင်သလို သတ္တဝါဝေနေယျတို့ကို လည်း ကူးမြောက်စေမည်ဟု မဟာကရုဏာတော်ဖြင့် ကြုံးဝါး တော်မူခဲ့ပါသည်။

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ကြောင်း တရားကောင်းတို့ကို ဆင်ခြင်တော်မူလျက် ဒါန၊ သီလ၊ နေက္ခမ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာဟူသော ပါရမီဆယ်ပါးတို့ကို ဘဝများစွာဖြည့်ကျင့်တော်မူခဲ့ရပါသည်။

## ပါရမီဆယ်ပါး အပြားသုံးဆယ်

ပါရမီတစ်ပါး တစ်ပါးတွင် အနုအရင့်ဖြည့်ကျင့်ပုံ သုံးမျိုးစီကွဲပြားသဖြင့် ပါရမီဆယ်ပါး အပြားသုံးဆယ်ဟု ခေါ်ပါသည်။

ဘုရားအလောင်းတော်သည် မဆုတ်မနစ် ထိုပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို လေး အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ဖြည့်ကျင့်တော်မူခဲ့ရရာ ဝေဿန္တရာမင်းဘဝအဖြစ် မှ ထိုပါရမီတော်တို့ကို ပြည့်ခဲ့ရပါသည်။

## စရိယာသုံးပါး

ဘုရားအလောင်းတော်သည် ဘဝများစွာပါရမီတို့ကို ဖြည့်ကျင့်ရာ၌ . .

(၁) လောကတ္ထစရိယာ - လောကလူသား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများ ချမ်းသာရေး ကျင့်စဉ်။

(၂) ဉာတတ္ထစရိယာ - မိမိအမျိုးသား၊ မိမိလူမျိုးများတို့ ချမ်းသာရေးကျင့်စဉ်။

(၃) ဗုဒ္ဓတ္ထစရိယာ - သတ္တဝါအများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော ဘုရားဗုဒ္ဓဖြစ်ရေးကျင့်စဉ်။

ဗုဒ္ဓလောင်းလျာသည် ပါရမီဖြည့်တော်မူရာဘဝတိုင်း၌ ရည်မှန်းချက်ကြီးစွာ ထားတော်မူခဲ့ ပါသည်။

## စွန့်ခြင်းကြီးငါးပါး

ဗုဒ္ဓမြတ်စွာသည် ဤသို့ဘဝများစွာ ပါရမီဖြည့်တော်မူရာတွင် . . .

(၁) တိုင်းပြည်နိုင်ငံ ထီးနန်းစည်းစိမ်ကိုစွန့်၍ ပါရမီဖြည့်ခြင်း (ဓနပရိစ္စာဂ)

(၂) သားသမီးတို့ကို စွန့်လှူခြင်း (ပုတ္တပရိစ္စာဂ)
(၃) ဇနီးမယားကိုပင် စွန့်လှူခြင်း (ဘရိယပရိစ္စာဂ)
(၄) မိမိခန္ဓာ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စွန့်လှူခြင်း (အင်္ဂပရိစ္စာဂ)
(၅) နောက်ဆုံးမိမိအသက်ကိုပင် မငဲ့မကွက်စွန့်လှူခြင်း (ဇီဝိတပရိစ္စာဂ)

ဤသို့သော စွန့်လွှတ်နိုင်ခဲသော ပဉ္စမဟာပရိစ္စာဂ (ခေါ်) စွန့်ခြင်းကြီးငါးပါးတို့ကို စွန့်လွှတ် ဖြည့်ကျင့်တော်မူခဲ့ရပါသည်။

## မြတ်စွာဘုရားရှင်၏ ကျေးဇူးတော်

ဗုဒ္ဓမြတ်စွာသည် ဘုရားအလောင်းတော်အဖြစ် ကမ္ဘာပေါင်းများစွာ၊ ဘဝပေါင်းများစွာတို့၌ ဒါနစသော ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါးတို့ကို ဖြည့်ကျင့်တော်မူလျက် သတ္တဝါအများ ကောင်းစားချမ်းသာရေးကို ရွက်ဆောင်တော်မူခဲ့ရပါသည်။

ဗုဒ္ဓမြတ်စွာအဖြစ် ရောက်ရှိတော်မူသည့်အခါ၌လည်း ကိုယ်တော်မြတ်၏အကျိုးမပါ။ သတ္တဝါများအကျိုးကိုသာ (၄၅) ဝါ ကာလပတ်လုံး မဆိုစလောက်သာ ကျိန်းစက်တော်မူလျက် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ် တစ်လောကလုံးကို ခြုံငုံရှုကြည့်တော်မူ၍ ချွေချွတ်ထိုက် သော ဝေနေယျရှိလျှင် ခရီးယူဇနာမည်မျှပင် ဝေးကွာစေကာမူ ကြွရောက်ချွေချွတ်တော်မူမြဲ ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် အရဟတ္တမဂ်ဉာဏ်တော်ကိုရရှိတော်မူသည်မှစ၍ တစ်လောက လုံး၌ အနစ်နာအခံဆုံးဖြစ်တော်မူပါသည်။

မည်သည့်ပုဂ္ဂိုလ်အား မည်သည့်တရားကို မည်သို့ဟောကြားရမည်ကို အကြွင်းမဲ့သိမြင်နိုင် သော သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည်မှစ၍ တစ်လောကလုံး၌ သူတစ်ပါးအကျိုးကို အဆောင်ရွက်နိုင်ဆုံး ဖြစ်တော်မူပါသည်။

ဗုဒ္ဓမြတ်စွာသည် တစ်လောကလုံး၏ အနှိုင်းမဲ့ကျေးဇူးရှင်ခင်ပွန်းကြီးဖြစ်တော်မူ၏တကား။



(၂)

ပစ္စေကဗုဒ္ဓါ

## (၂) ပစ္စေကဗုဒ္ဓါ

ပစ္စေကဗုဒ္ဓါဟူသည် ပစ္စေကဗောဓိဟု ဆိုအပ်သော အသီးအခြား သစ္စာတရားတို့ကို ကိုယ်တိုင်ထိုးထွင်းသိမြင်ရန် နှစ်သင်္ချေကမ္ဘာတစ်သိန်း အနည်းဆုံးဖြည့်ကျင့်၍ ပါရမီပြည့်မှ ပစ္စေကဗုဒ္ဓါအဖြစ် ပွင့်တော်မူရသော ဘုရားရှင်များဖြစ်သည်။

ပစ္စေကဗုဒ္ဓါတို့သည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်မပွင့်သော သုညကမ္ဘာတို့၌လည်းမဖြစ်ပေါ်တော်မူကြပဲ ဘုရားပွင့်ရာ ဝိဝဋ္ဋကပ်အခါ၌ဖြစ်တော်မူလျှင်လည်း များသောအားဖြင့် ဘုရားတစ်ဆူနှင့်တစ်ဆူအကြား၌သာဖြစ်ပေါ်တော်မူသည်ဟု အဆိုရှိပါသည်။

မြတ်စွာဘုရားရှင်တို့သည် သစ္စာလေးပါးတရားအပေါင်းတို့ကို မိမိကိုယ်တိုင်လည်း သိတော်မူကြ၏။ သူတစ်ပါးတို့ကိုလည်း သိစေတော်မူကုန်၏။ ပစ္စေကဗုဒ္ဓါတို့ကား မိမိကိုယ်တိုင်သာ သိတော်မူကုန်၏။ သူတစ်ပါးတို့ကို သိတော်မမူစေနိုင်ကုန်။ အတ္ထရသကိုသာ ထိုးထွင်းနိုင်ကုန်၏။ ဓမ္မရသကို မထိုးထွင်းနိုင်ကုန်။ လောကုတ္တရာတရားကို ပညတ်သို့တင်၍ ဟောကြားခြင်းမှာ မစွမ်းနိုင်ကြကုန်။

ပစ္စေကဗုဒ္ဓါတို့သည် တန်ခိုး၊ သမာပတ်၊ ပဋိသမ္ဘိဒါတို့နှင့် ပြည့်စုံတော်မူကြကုန်၏။ ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံရာ၌ မြတ်စွာဘုရားတို့အောက် သာဝကတို့အထက်ဖြစ်တော်မူကြပါသည်။ ထိုမှတစ်ပါးလည်း ပစ္စေကဗုဒ္ဓါတို့သည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကဲ့သို့ ပြိုင်ဖက်မရှိပွင့်တော်မူကြသည့်ထုံးတမ်းစဉ်လာမရှိ တစ်ခါတစ်ရံလည်း တစ်ပါးတည်းပွင့်သည့်အခါပွင့်၍ တစ်ခါတစ်ရံ ပစ္စေကဗုဒ္ဓါပေါင်းရာထောင်ပြိုင်၍ ပွင့်သည့်အခါ ပွင့်တော်မူတတ်ကြပါသည်။

ပစ္စေကဗုဒ္ဓါတို့အား ဖူးမြင်ရသူတို့အား တောင်းဆုပြည့်ဝကောင်းကျိုးချမ်းသာကို ရစေနိုင်သောကြောင့်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါတို့သည် သစ္စာသိမြင်ဘုရားရှင်များဖြစ်တော်မူကြသောကြောင့်လည်းကောင်း၊ ဘဝများစွာသံသရာ၌ သတ္တဝါတို့အကျိုးရွက်ဆောင်တော်မူခဲ့ကြသောကြောင့်လည်းကောင်း ကျေးဇူးရှင်ခင်ပွန်းကြီးများ ဖြစ်ကြပါသည်။



(၃)

ပကတိသာဝကရဟန္တာ

## (၃) ပကတိသာဝကရဟန္တာ

ပကတိသာဝကရဟန္တာ အရှင်မြတ်တို့သည် ဝဋ်ဆင်းရဲမှလွတ်မြောက်ရာမဂ်ဖိုလ်ကို တောင့်တ၍ အမှတ်မထား တစ်ပါးပါးသောဘဝ ကာလများကစ၍ ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီ အဆောက်အဦနှင့်ပြည့်စုံ၍ ပကတိသာဝကဉာဏ်ကိုရရှိတော်မူသော ရဟန္တာအရှင်မြတ်တို့ ဖြစ်ပါသည်။

အမှတ်မထားတစ်ပါးပါးသော ဘဝကာလဟူသည်ကား ကမ္ဘာအရာအထောင်ဖြစ်နိုင်ပါသည်။ အတ္တသန္တက၊ သပရိဝါရိက စသော မထေရ်တို့သည် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသည့် အနောမဒဿီ ဘုရားရှင်လက်ထက်တော်မှစ၍လည်းကောင်း၊ ကေပသာဒနီယမထေရ်သည် တစ်ရာတစ်ဆယ့်ရှစ်ကမ္ဘာထက်၌ ပွင့်တော်မူသည့် အတ္ထဒဿီဘုရားလက်ထက်တော်မှစ၍ လည်းကောင်း၊ သုစိဒါယကမထေရ်သည် ကမ္ဘာသုံးသောင်းထက်၌ပွင့်တော်မူသော သုမေဓာဘုရားရှင်လက်ထက်တော်မှစ၍လည်းကောင်း ပါရမီများဖြည့်ကျင့်ခဲ့ရကြောင်း ဆိုင်ရာ ထေရာပဒါန်၌ပြဆိုထားပါသည်။

ထိုပကတိသာဝကရဟန္တာမထေရ်မြတ်တို့သည် မိမိတို့၏ ဝေနေယျတပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေကြောင်း နည်းလမ်းကောင်းဖြစ်သော တရားဓမ္မတို့ကို ဟောဖော်ညွှန်ပြ ဆုံးမကယ်တင်တော်မူတတ်သောကြောင့်လည်းကောင်း ဖူးမြင်ပူဇော်ရသူတို့အား ကြီးမြတ်သော ကုသိုလ်တရားတိုးပွားစေတတ်သောကြောင့်လည်းကောင်း ကျေးဇူးရှင်ခင်ပွန်းကြီးများ ဖြစ်ပါသည်။



(၄)

အဂ္ဂသာဝက၊ မဟာသာဝက

## (၄) အဂ္ဂသာဝက၊ မဟာသာဝက

သုံးလောကထွတ်ထား မြတ်စွာဘုရားထံတော်၌ဖြစ်စေ၊ သာဝကတစ်ပါးပါး၏ အထံ၌ဖြစ်စေ၊ သစ္စာလေးပါး ကမ္မဋ္ဌာန်းတရားကိုကြားနာရပြီးမှ အရဟတ္တမဂ်ကိုရရှိကြကုန်သော သာဝက ဗောဓိဆုကို ပန်ဆင်တော်မူ၍ ဘုရားရှင်၏တပည့်သား သာဝကတို့တွင် (၁) အဂ္ဂသာဝက ဟူသော တပည့်ရဟန်းတော်တို့တွင် အမြတ်ဆုံးဖြစ်သော သာဝက၊ (၂) မဟာသာဝကဟူသော ဘုရားရှင်၏တပည့်သာဝကကြီး (၃) ပကတိသာဝက ဟူသော ရိုးရိုးတပည့်သာဝကဟူ၍ သုံးမျိုး ရှိပါသည်။

ထိုသုံးမျိုးတို့တွင် . . .

(၁) အဂ္ဂသာဝကသည် တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရပါသည်။
ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်အခါ၌ ဉာဏ်ပညာကြီးသည့်အရာ၌ ဧတဒဂ်ရ လက်ျာရံ အရှင်သာရိပုတ္တရာနှင့် တန်ခိုးဣဒ္ဓိပါဒ်ကြီးသည့်အရာ၌ ဧတဒဂ်ရ လက်ဝဲရံ အရှင်မဟာမောဂ္ဂလာန်မထေရ်တို့ဖြစ်ပါသည်။

(၂) မဟာသာဝကသည်ကား ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရပါသည်။
ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်အခါ၌ အရှင်မဟာကဿပစသော အသီတိ မဟာသာဝကရဟန္တာမထေရ်မြတ်ရှစ်ဆယ်တို့ဖြစ်ပါသည်။

ထိုအဂ္ဂသာဝက မဟာသာဝကရဟန္တာအရှင်မြတ်ကြီးတို့သည် အလွန်ကြီးမြတ်ထူးခြားသော ဂုဏ်ထူးဝိသေသကျေးဇူးတော်တို့နှင့် ပြည့်စုံခြင်း၊ သတ္တဝါဝေနေယျတို့အား သံသရာဝဋ်ဆင်းရဲတို့မှ လွတ်မြောက်ရေးအတွက် လမ်းညွှန်ကယ်မချီးမြှောက်တော်မူခြင်း၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေနိုင်သော မြတ်စွာဘုရားရှင်၏ အဆုံးအမဖြစ်သော သာသနာတော်အရှည်ခန့်၍ တည်တံ့အောင်ရွက်ဆောင်တော်မူခြင်းစသော ဂုဏ်ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူသော ကြောင့် ကျေးဇူးရှင်ခင်ပွန်းကြီးများ ဖြစ်ကြပါသည်။



(၇)

မိခင်

## (၅) မိခင်

မိခင်ဟူသည် သားသမီးတို့အပေါ်တွင် အလွန်တရာ ကျေးဇူးကြီးမားလှသော အနန္တဂုဏ်အင် မေတ္တာရှင်ကြီးများဖြစ်၍ အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပါသည်။ ထို့ကြောင့် ဓမ္မေပုတ္တံ မာနေတီတိမာတာ သားသမီးတို့ကို တရားသဖြင့် မြတ်နိုးတတ်သောကြောင့် အမေ ဟု ဆိုပါသည်။

အမေသည်သာ သားသမီးတို့အပေါ်၌ -

(၁) ဗြဟ္မာ (၂) ဝိသုဒ္ဓိနတ်
(၃) လက်ဦးနတ် (၄) လက်ဦးဆရာ
(၅) အာဟုနေယျပုဂ္ဂိုလ် (၆) ပါဟုနေယျပုဂ္ဂိုလ် မည်ကြောင်းကျမ်းဂန်တို့၌ ဖွင့်ဆိုညွှန်ပြထားပါသည်။

### အမေသည် ဗြဟ္မာနှင့်အလားတူ

ဗြဟ္မာတို့သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မဝိဟာရတရားလေးပါးတို့ကို မည်သည့်အခါမှ စွန့်လွှတ်ခြင်းမရှိ လက်ကိုင်အစဉ်ထားဘိသကဲ့သို့ အမေသည် သားသမီးတို့အပေါ်၌ အခါခပ်သိမ်း နှလုံးသည်းပွတ်မှ ယိုဖိတ်သည့် ကြီးမားသောမေတ္တာဖြင့် ပြုစုယုယစောင့်ရှောက်ပွားများတတ်သော ကျေးဇူးရှင်ကြီးဖြစ်ပါသည်။

အမေသည် သားသမီးတို့အပေါ်၌ ကလလရေကြည်သန္ဓေတည်သည်မှစ၍ မမြင်ရသေးသော သန္ဓေသားအား မုဒိတာစိတ်အစဉ်တည်လျက် နှစ်သက်ရွှင်လန်းသောပီတိစိတ်ဖြင့် ပဋိသန္ဓေဆောင်ရခြင်းဒုက္ခကို ခံစားနေရသည်ကို သည်းခံစောင့်ရှောက်ခဲ့၏။

ဤသို့ဖြင့် ကိုးလလွယ်၊ ဆယ်လဖွားမြင်လာရသော သားသမီးတို့အား ပြုစုယုယနို့ချိုတိုက်

ကျွေးမွေးမြူစောင့်ရှောက်လျက် မှက်၊ ခြင်၊ ယင်မျှ မသန်းရလေအောင် ကြီးမားလှသော ကရုဏာတရားဖြင့် စောင့်ရှောက်တတ်ပါပေသည်။

ထို့ပြင် သားသမီးတို့အား အစဉ်ကျွေးမွေးယုယကောင်းရာညွှန်ပြလျက် စောင့်ရှောက်တတ်သကဲ့သို့ သားသမီးတို့အပေါ် ဘယ်အခါမှ အပြစ်မမြင် အစဉ်သနားချစ်ခင်ခွင့်လွှတ်လျက်ဥပေက္ခာတရားသည် အမေ့နှလုံးသား၌ ဘယ်သောအခါမှ မကင်းလေသောကြောင့် အမေသည် ဗြဟ္မာနှင့် အလားတူပါပေသည်။

အမေသည် ဝိသုဒ္ဓိနတ်နှင့်လည်း အလားတူမည်ပါပေသည်။ နတ်တို့တွင် (၁) သမ္မုတိနတ် (၂) ဥပပတ္တိနတ် (၃) ဝိသုဒ္ဓိနတ် ဟူ၍ သုံးမျိုးရှိရာ သမ္မုတိနတ်ဟူသည် လူအများက သမုတ်၍ တင်မြှောက်ထားသော ရှင်ဘုရင်ကိုခေါ်၍ နတ်ဘုံနတ်နန်း၌ စံမြန်းသောနတ်တို့ကို ဥပပတ္တိနတ်ဟု ခေါ်ပါသည်။ ဘုရား ပစ္စေကဗုဒ္ဓါတို့ကိုမူ ဝိသုဒ္ဓိနတ်ဟု ခေါ်ဆိုပါသည်။

ဝိသုဒ္ဓိနတ်ဟူ ခေါ်ဆိုထိုက်သော အာသဝကင်းစင် အရိယာအရှင်တို့သည် ပုထုဇဉ်ဗာလတို့က ပြစ်မှားနှိပ်စက်မှုပြုပါက 'အလေးမထားဂရုပြုတော်မမူဘဲ ထိုပုထုဇဉ်ပုဂ္ဂိုလ်တို့အကျိုးစီးပွားကိုပင် ရွက်ဆောင်တော်မူသကဲ့သို့ အမေသည် သားသမီးတို့မည်မျှပင် မိုက်မဲဆိုးဝါးသည်ဖြစ်စေကာမူ အပြစ်မမြင်ဘဲ ထိုသားသမီးတို့၏ ကျန်းမာချမ်းသာ ကောင်းစားရေးကိုသာအစဉ်လိုလားကြသည်ဖြစ်ကြ၍ ဝိသုဒ္ဓိနတ်နှင့်အလားတူ မည်ပါပေသည်။

အမေသည် ရှေးဦးစွာ အမှီပြု၍သာလျှင် သားသမီးတို့သည် တည်ရှိရ၏။ အမေကို မှီခို၍သာ ကြီးပြင်းလာရ၏။ ထို့နောက်မှသာ လောကအကြောင်းကို သိကြရ၏။ ထို့ကြောင့်ပင် အမေသည် ရှေးဦးစွာပထမကျေးဇူးကြီးလှသူဖြစ်သောကြောင့် အမေသည် ပုဗ္ဗဒေဝတာလက်ဦးနတ်နှင့်လည်း အလားတူမည်ပါပေသည်။

အမေသည် သားသမီးတို့အား ကျွေးမွေးစောင့်ရှောက်ရုံမျှသာမက လိမ္မာယဉ်ကျေးအောင် အစဉ်လမ်းညွှန်လျက် မည်သို့နေ၊ မည်သို့ထိုင်၊ မည်သို့စား၊ မည်သို့သွားဟူ၍ အလုံးစုံတို့ကို ရှေးဦးစွာသင်ကြားဆုံးမသူဖြစ်၍ အမေသည် ပုဗ္ဗာစရိယဟူသော လက်ဦးဆရာလည်း မည်ပါပေသည်။

အမေသည် သားသမီးတို့၏ အလှူဝတ္ထုကို ခံယူထိုက်သူဖြစ်၍ အာဟုနေယျပုဂ္ဂိုလ်ဟူ၍လည်း မည်ပါသည်။

အမေသည် သားသမီးတို့၏ ရှေးဦးရှေးဖျား လေးစားကြည်ဖြူလုပ်ကျွေးပြုစုမှုကို ခံယူထိုက်သူ ဖြစ်ပါသည်။ ဧည့်သည်တို့အတွက် စီမံထားသော ပစ္စည်းကိုပင် အမေသည် အလှူခံထိုက်

သောသူလည်း ဖြစ်ပါသည်။

ထို့ကြောင့် အမေသည် အလျှုဝတ္ထုတို့ကို ခံယူထိုက်သူဖြစ်၍ ပါဟုနေယျပုဂ္ဂိုလ်ဟူ၍လည်း မည်ပါပေသည်။

အမိကို ရှိသေစွာလုပ်ကျွေးသောသူသည် အပါယ်လေးဘုံဖြစ်သော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော ဒုဂ္ဂတိဘုံတို့သို့ လားရောက်ရခြင်းမရှိဘဲ သုဂတိဘုံဖြစ်သော နတ်ဘုံသို့ ရောက်ရှိခံစားရကြောင်း ဗုဒ္ဓစာပေတို့၌ ပြဆိုထားပါသည်။

ဤသို့ အနှိုင်းအဆမရှိသော အနန္တဂုဏ်အင် ကျေးဇူးရှင်ကြီးဖြစ်သောကြောင့် အမေသည် ကျေးဇူးရှင်ခင်ပွန်းကြီး ဖြစ်ပါသည်။



(၆)

ဖခင်

## (၆) ဖခင်

ဖခင်သည် သားသမီးတို့အပေါ်၌ ကြီးမြတ်လှသော ကျေးဇူးရှင်ကြီးဖြစ်သကဲ့သို့ စံပြပုဂ္ဂိုလ်လည်း ဖြစ်ပါသည်။ ပုတ္တံရက္ခတီတိပိတာ သားသမီးတို့အား စောင့်ရှောက်တတ်သောကြောင့် အဖေဟု ခေါ်ဆိုပါသည်။ အဖေသည် အမေကဲ့သို့ ကိုးလလွယ်၊ ဆယ်လဖွား ပဋိသန္ဓေ ဒုက္ခ မခံစားရပါသော်လည်း သားသမီးများ မွေးဖွားပေးမည့်အမေကိုလည်းကောင်း၊ သားသမီးတို့ကိုလည်းကောင်း စားဝတ်နေရေး လူမှုရေး၊ စီးပွားရေး ကိစ္စအဝဝတို့ကို ဦးဆောင်ထမ်းရွက်ကာ စောင့်ရှောက်ပေးသူဖြစ်သောကြောင့် အလွန်ကျေးဇူးကြီးမားလှပါသည်။

အမေကဲ့သို့ပင် အနန္တဂုဏ်အင်ကျေးဇူးရှင်ကြီးဖြစ်၍ အဖေသည် အမေနှင့်တူမျှသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသောကြောင့် ဗြဟ္မာ၊ ပိသုဗ္ဗိနတ်၊ လက်ဦးဆရာ၊ အာဟုနေယျပုဂ္ဂိုလ်၊ ပါဟုနေယျပုဂ္ဂိုလ်ဟု ခေါ်ဆိုထိုက်သော ကျေးဇူးရှင်ခင်ပွန်းကြီးဖြစ်ပါသည်။

### မိဘကျေးဇူး

မိခင်၊ ဖခင်တို့၏ကျေးဇူးသည် အတိုင်းအဆမရှိအောင် ကြီးမားလှပါပေသည်။

**စက္ကဝါဠ်သုဝိဃရံ** - အလွန်ကျယ်ပြန့်သော အတိုင်းအဆမရှိသော စကြဝဠာသည် မိဘတို့မေတ္တာနှင့်နှိုင်းစာပါက အပ်နဖားလောက်မျှသာ ပမာဏရှိ၏။

**သိနေရုဉနဝမိကံ** - ယူဇနာရှစ်သောင်းလေးထောင်အမြင့်ဆောင်သော မြင်းမိုရ်တောင်သည် မိဘမေတ္တာနှင့်နှိုင်းစာပါက နွားဦးချိုပမာဏမျှလောက်သာရှိပေ၏။

**အမုဒ္ဒေါပါတိတံယထာ** - အလွန်ကျယ်ဝန်းလှသော မဟာသမုဒ္ဒရာသည် မိဘမေတ္တာနှင့်နှိုင်းစာပါက မိုးရေတစ်စက်မျှလောက်ရှိပါပေသည်။

**ပထဝီဝေဠုကပတ္တံ** - ယူဇနာနှစ်သိန်းလေးထောင်အထုရှိသော မဟာပထဝီမြေကြီးသည် မိဘမေတ္တာနှင့်နှိုင်းယှဉ်ပါက ဝါးရွက်ငယ်တစ်မျှသာရှိပေ၏။

အနန္တဂုဏ်အင် မိခင်၊ ဖခင်တို့၏ ဂုဏ်ကျေးဇူးသည် အနန္တကြီးမားလှပါပေ၏တကား။



(၇)

ဆရာ (သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ)

## (၇) ဆရာ (သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ)

ဆရာဟူသည် တပည့်တို့အပေါ်၌ ကြီးမြတ်သော မေတ္တာစေတနာဖြင့် အသိပညာ၊ အတတ်ပညာတို့ကို တတ်မြောက်အောင် သင်ကြားပို့ချပေးရုံမျှမက ကောင်းရာညွှန်ကာ ဘေးရန်ဆီးကာ စောင့်ရှောက်ပေးတတ်သောကြောင့် အလွန်တရာကြီးမြတ်လှသော ဂုဏ်ကျေးဇူးတော်ရှင်ကြီးဖြစ်၍ အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပါသည်။

**သိဿာနံ ဟိတံ အာစရတီတိ အာစရိယော**- တပည့်တို့၏အကျိုးကို လိုလားသောကြောင့် ဆရာဟု ဆိုပါသည်။

ရှေ့ရှုမေတ္တာ ကရုဏာနှင့်
နာနာကျင့်ကျင် အပြစ်မြင်တိုင်း
ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍
ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့။

ဟု မဃဒေဝလင်္ကာသစ်၌ ပြဆိုထားပါသည်။ လောကနီတိပျို့၌လည်း ဆရာ၏အရိပ်အာဝါသသည် အလွန်တရာအေးမြလှကြောင်း ဤသို့ညွှန်းဖော်ထားပါသည်။

အလွန်တရာ သစ်ရိပ်မှာလျှင်
ချမ်းသာသည်ထက် စုံမက်မြတ်နိုး
ဆွေမျိုးမိဘ အရိပ်ရသော်
အေးမြသည်ပင် ထိုထက်လျှင်လည်း
ပဲပြင်ဆရာ အရိပ်မှာကား ချမ်းသာပွား၏။

ဟူ၍ ဖြစ်ပါသည်။

ဆရာသည် တပည့်တို့အား ပစ္စုပ္ပန်သံသရာ၊ လောကီလောကုတ္တရာနှစ်ဖြာအကျိုးကို နည်းပေးညွှန်ပြနိုင်သည်ထိ ရွက်ဆောင်နိုင်သော ဂုဏ်အင်ရှိသဖြင့် ကြီးမြတ်လှသော ကျေးဇူးရှင်ဖြစ်၍ အနန္တော အနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပါသည်။ ဆရာမြတ်တို့သည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံကြ၍ ပညာ၏ကောင်းခြင်း၊ သဒ္ဓါ၏ကောင်းခြင်း၊ စေတနာ၏ကောင်းခြင်း၊ အဆုံးအမ၏ကောင်းခြင်းတို့နှင့် ပြည့်စုံသည်သာမက မကောင်းသည်ကို တားမြစ်၍ကောင်းရာကိုညွှန်ပြတတ်ကြပါသည်။

သုဗောဓာလင်္ကာရကျမ်းတွင် ဆရာကောင်းတို့အား မိုဝဲဆည်းကပ်မှုပြုသင့်ပုံကို -

ဤလောက၌ အကြင်တပည့်မိုက်တို့အား ဆရာတို့၏ ခြေရင်း၌လုပ်ကျွေးခြင်း၊ ဆုံးမစကားကို နားထောင်ခြင်းတို့သည် မရှိကုန်အံ့။ ထိုတပည့်တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း။ အကြင်တပည့်တို့သည် ထိုဆရာ၏ခြေဖဝါး၌ကပ်သော မြူမှုန့်တို့ဖြင့်ပြွမ်းသော ဦးခေါင်းရှိ၏။ ထိုတပည့်တို့သည်သာလျှင် တပည့်ကောင်းမည်ကုန်၏ဟု ဆရာအားရှိသေလေးမြတ်ဆည်းကပ်ထိုက်ပုံကို ပြဆိုထားပါသည်။

ဤသို့သော ဂုဏ်ကျေးဇူးတော်တို့ပြည့်စုံသောကြောင့် အနန္တဂုဏ်အင်ကျေးဇူးရှင်ဆရာမြတ်တို့သည် ကျေးဇူးရှင်ခင်ပွန်းကြီးများ ဖြစ်ကြပါသည်။



(၈)
အဖန်တလဲလဲမပြတ် ဆုံးမပေတတ် ဆရာမြတ်

## (၈) အပန်တလဲလဲမပြတ် ဆုံးမပေတတ် ဆရာမြတ်

တပည့်တို့၏အကျိုးကို အစဉ်လိုလား၍ အကျိုးမဲ့ကိုမဖြစ်စေလိုသော ကြီးမြတ်သည့်မေတ္တာ၊ ကရုဏာတို့ဖြင့် သွန်သင်ဆုံးမလမ်းမှန်ပြလျက် လောကီလောကုတ္တရာ၊ ပစ္စုပ္ပန်သံသရာအကျိုး ပွားတိုးအောင် အကျိုးအကြောင်းပြ၍ ဆုံးမသွန်သင်ပဲ့ပြင်တတ်သော ဆရာ၊ တရားလမ်းမှန် ညွှန်ပြပေးသူ ဆရာရဟန်းတော်စသော ကျေးဇူးရှင်ဆရာမြတ်တို့ကို ဆိုလိုပါသည်။

ဤသို့သော ဆရာမြတ်တို့သည် တပည့်တို့အား ကြီးမားသောမေတ္တာ၊ ကရုဏာရှေ့ရှုလျက် အကြောင်းဖြစ်ပေါ်လာသည့်အခါမှ ဆုံးမသောဩဝါဒ၊ အကြောင်းမဖြစ်မီ ကြိုတင်ဆုံးမခြင်း အနုသာသန၊ တစ်နည်းအားဖြင့် မျက်မှောက်ဆုံးမခြင်းဩဝါဒ၊ အကျိုးဖြစ်ပွားအောင် အကြိမ်ကြိမ်အထပ်ထပ်ဆုံးမသော အနုသာသနတို့ကို ရိုသေစွာလိုက်နာကျင့်ဆောင်ကြသူများအဖို့ လောကီလောကုတ္တရာ၊ ပစ္စုပ္ပန်သံသရာနှစ်ဖြာကောင်းကျိုးဝေဖြာ ရရှိခံစားကြရမည်မှာအမှန် ဖြစ်ပါသည်။

ထိုအဖန်တလဲလဲ ဆုံးမပေတတ် ဆရာမြတ်တို့သည် တပည့်တို့အကျိုး အစဉ်သယ်ပိုးလမ်းညွှန်သူများဖြစ်၍ မြေဖို့မြုပ်ကွယ်နေသော ရွှေအိုးကိုထုတ်ဖော်ပြသပေးသူကဲ့သို့လည်းကောင်း၊ အမိုက်မှောင်ကို ပယ်ခွင်း၍အလင်းရောင်ကိုပြသူကဲ့သို့လည်းကောင်း၊ မျက်စိလည် လမ်းမှားနေသူကို လမ်းမှန်ရောက်ရန် ညွှန်ပြပေးသူကဲ့သို့လည်းကောင်း၊ မှောက်ထားသောအိုးကိုဖွင့်လှန်ပြသူကဲ့သို့လည်းကောင်း၊ အထူးအားဖြင့် အလေးအမြတ်ပြုအပ်သော ကျေးဇူးရှင်ကြီးများ ဖြစ်ကြပါသည်။

ဤသို့ ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသောကြောင့် အဖန်တလဲလဲမပြတ် ဆုံးမပေတတ်သော ဆရာမြတ်တို့သည် ကျေးဇူးရှင်ခင်ပွန်းကြီးများ ဖြစ်ကြပါသည်။



(၉)

ပေးကမ်းကျေးဇူးပြုဖူးသောသူ

## (၄) ပေးကမ်းကျေးဇူးပြုဖူးသောသူ

မိမိအပေါ်၌ အနေအထိုင်၊ အစားအသောက်၊ အသုံးအဆောင် စသည်တို့ဖြင့် လိုအပ်သည်တို့ကို ကျွေးမွေးစောင့်ရှောက်ကူညီထောက်ပံ့ဖူးသောသူတို့သည် လွန်စွာကျေးဇူးကြီးမားလှပါသည်။

အထူးအားဖြင့် မိမိအပေါ်တွင် တစ်စုံတစ်ရာအကျိုးမမျှော်ကိုးဘဲ ပုဗ္ဗကာရီဟူသော ရှေးဦးစွာ ကျေးဇူးပြုတတ်ကြသော ကျေးဇူးရှင်တို့အား ကတညုတကတဒေဝီ ဟူသော ပြုခဲ့ပေဖူးသူ့ကျေးဇူးကို အထူးသိလျက် တုံ့ပြန်ကျေးဇူးဆပ်ရမည်မှာ လူ့ကျင့်ဝတ်ပင်ဖြစ်ပါသည်။

အရိပ်အာဝါသခိုခဲ့ဖူးသောသစ်ပင်၏အကိုင်းအခက်ကို မချိုးဖဲ့ မဖျက်ဆီးအပ်သကဲ့သို့ မိမိအား ကောင်းကျိုးချမ်းသာရ၍ ဆင်းရဲဒုက္ခမဖြစ်စေရန် စောင်မကာယ်တင်ကျွေးမွေးစောင့်ရှောက်ခြင်း၊ ဘေးဒုက္ခမှကာယ်တင်စောင်မခြင်းအားဖြင့် ထောက်ပံ့ကူညီပေးသူတို့သည် အလွန်တရာကျေးဇူးတင်ထိုက်သူများဖြစ်ပါသည်။

ဤသို့သော ကျေးဇူးဂုဏ်တို့နှင့်ပြည့်စုံသော အလေးအမြတ်ပြုအပ်သောပုဂ္ဂိုလ်ဖြစ်သောကြောင့် ပေးကမ်းကျေးဇူးပြုဖူးသောသူတို့သည် ကျေးဇူးရှင်ခင်ပွန်းကြီးများ ဖြစ်ပါသည်။



(၁၀)
တရားဟောပြသော ပုဂ္ဂိုလ်

## (၁၀) တရားဟောပြသော ပုဂ္ဂိုလ်

သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေး၊ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဆုံးမ လမ်းမှန်ပြသော ရဟန်းသံဃာဆရာသမားစသော ပုဂ္ဂိုလ်တို့သည် အလွန်တရာကျေးဇူးကြီးမား လှပါပေသည်။ မသိမှု အဝိဇ္ဇာဟူသော အမိုက်မှောင်ကို ပယ်ခွင်း၍ ဝိဇ္ဇာဟူသော အသိဉာဏ် ပညာအလင်းကို ထွန်းညှိပြသ၍ နည်းမှန်လမ်းကျတရားဓမ္မတို့ကို သွန်သင်ဆုံးမဟောပြတတ် သော ပုဂ္ဂိုလ်မြတ်တို့သည် အလွန်ကျေးဇူးကြီးမားလှပါသည်။

ထိုသို့ နည်းမှန်လမ်းပြ တရားဓမ္မကို ဟောကြားညွှန်ပြသော ပုဂ္ဂိုလ်မြတ်တို့၏ ဓမ္မအလင်း ကြောင့် ပစ္စက္ခဘဝတွင်ပင် တရားသိမြင်နိုင်သူများအဖြစ် ရောက်ရှိနိုင်သကဲ့သို့ လောကီ လောကုတ္တရာ သံသရာအကျိုး ကုသိုလ်တရားပွားတိုးကာ သံသရာခရီးလမ်းဆုံးနိဗ္ဗာန်တိုင် ရောင် ရရှိစေရန် ထူးမြတ်သော အကျိုးတရားကိုဖြစ်ပေါ်စေနိုင်သောကြောင့် တရားဟောပြ သော ပုဂ္ဂိုလ်မြတ်တို့သည် ကျေးဇူးရှင်ခင်ပွန်းကြီးများဖြစ်ကြပါသည်။

## ခင်ပွန်းကြီးဆယ်ပါး ပူဇော်ကျိုးနှင့် ပြစ်မှားကျိုး
## ခင်ပွန်းကြီးဆယ်ပါး (ကျေးဇူးရှင်ကြီး ဆယ်ပါး)

### ပူဇော်ရှိသေသူတို့၏ အကျိုးဆယ်ပါး

၁။ တစ်ပါးရပ်ရွာသို့သွားလျှင် အစာမရှားပါးခြင်း။
၂။ ရောက်ရာအရပ်၌ အပူဇော်ခံရခြင်း။
၃။ ရန်သူမျိုးငါးပါးက မနှိပ်စက်ခြင်း။
၄။ မျက်နှာမြင်က ချစ်ခင်သူပေါများခြင်း။
၅။ ပွဲအလယ်၌ ရဲဂုဏ်ရှိခြင်း။
၆။ မိမိ၏ကျေးဇူးသတင်းပျံ့လွင့်ခြင်း။
၇။ အခြံအရံ အမြဲမပြတ်ရှိခြင်း။
၈။ ဆင်၊ မြင်း၊ ကျွဲ၊ နွား ပေါများလျက် စပါးသီးနှံမပျက်စီးခြင်း။
၉။ တောင်စောက်ချောက်ကမ်းပါး၌ ကျရောက်သော်လည်း တည်ရာရရှိနိုင်ခြင်း။
၁၀။ သားသမီးနှင့်တကွ အခြေအမြစ်ကြီးကျယ်ခြင်း

ဟူသော အကျိုးတရားများနှင့် ရရှိပြည့်စုံခံစားကြရမည်ဖြစ်ပါသည်။

### အထူးအလေးဂရုပြုဆင်ခြင်ရန်

မိမိတို့ကျင်လည်ခဲ့ရာ သံသရာ၌လည်းကောင်း၊ ယခုမျက်မှောက်ဘဝ၌လည်းကောင်း မပြစ်မှားထိုက်သော ကျေးဇူးရှင်ကြီးများဖြစ်ကြသော ခင်ပွန်းကြီးဆယ်ပါးတို့တွင် တစ်ပါးပါးကိုလည်းကောင်း၊ ထိုထက်ပို၍လည်းကောင်း၊ မသိမိုက်မှားသောအားဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ

တည်းဟူသော ကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့်လည်းကောင်း၊ နှစ်ပါး၊ သုံးပါးအားဖြင့် လည်းကောင်း . . .

ပြစ်မှားရိုင်းပျစော်ကားခြင်းပြုခဲ့ဖူးအံ့။

ကျေးဇူးကန်းခြင်း ပြုခဲ့ဖူးအံ့။

ကျေးဇူးချေဖျက်ခြင်း ပြုခဲ့ဖူးအံ့။

ကျေးဇူးမေ့လျော့ခြင်း ပြုခဲ့ဖူးအံ့။

ကျေးဇူးမဲ့ ရိုင်းပျယုတ်မာကြမ်းတမ်းစွာဆက်ဆံပြောဆိုပြုခဲ့ဖူးအံ့။

ထိုအပြစ်တို့ကို ပြေပျောက်စေရန်အတွက် ကျေးဇူးရှင်ခင်ပွန်းကြီးဆယ်ပါးတို့အား ရိုသေလေးမြတ် နူးညွတ်စွာ ရှိခိုးကန်တော့ဝန်ချတောင်းပန်ကြရပါမည်။

## ခင်ပွန်းကြီးဆယ်ပါး (ကျေးဇူးရှင်ကြီး ဆယ်ပါး) ပြစ်မှားမိသူတို့အား မျက်မှောက်ဘဝမှာပင် ကျရောက်တတ်သော ဒဏ်ဆယ်ပါး

၁။ ကြမ်းတမ်းစွာ ဦးခေါင်းနာစသည်ကပ်ရောက်ခြင်း။
၂။ စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်ပြားခြင်း။
၃။ လက်ခြေပြတ်ခြင်း၊ ကိုယ်အင်္ဂါပျက်စီးခြင်း။
၄။ ဆေးကုမရသော ကြီးလေးသည့်ရောဂါကပ်ရောက်ခြင်း။
၅။ ရူးသွပ်ခြင်း၊ စိတ်ပျံ့လွင့်ခြင်း။
၆။ မင်းပြစ်မင်းဒဏ်သင့်ခြင်း။
၇။ ရှန့်ရင်းကြမ်းတမ်းစွာ စွပ်စွဲခံရခြင်း။
၈။ ဆွေမျိုးပျက်စီးပြုန်းတီးခြင်း။
၉။ စည်းစိမ်အခြွေအရံ ပျက်စီးခြင်း။
၁၀။ နေရာတိုက်အိမ် မီးလောင်ခြင်း

ဟူသော ဘေးဒဏ်တို့နှင့် တွေ့ကြုံခံစားရမည်ဖြစ်ပါသည်။

## ခင်ပွန်းကြီးဆယ်ဖြာ ပူဇာအစီအရင်နှင့် ခင်ပွန်းကြီးဆယ်ပါး ရှိခိုးကန်တော့ ဝန်ချတောင်းပန် ဆုတောင်း မေတ္တာပို့ အမျှဝေ

### ဘေးဒဏ်ကင်းပျောက် ချမ်းသာရောက် ခင်ပွန်းကြီးဆယ်ဖြာ ပူဇာအစီအရင်

မပြစ်မှားအပ်၊ မပြစ်မှားထိုက်သော ကျေးဇူးရှင်ကြီးဆယ်ပါး (ခင်ပွန်းကြီးဆယ်ပါး)တို့ကို ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြစ်မှားမိပါက ကြီးလေးသော ဒဏ်ဆယ်ပါးသင့်တတ်ပါသည်။ ပစ္စုပ္ပန်သံသရာနှစ်ဖြာမကောင်းကျိုး ဆက်ကာ ဆက်ကာ ကျရောက်တတ်ရာ မျက်မှောက်ဘဝမှာပင် ချက်ချင်းလက်ငင်း ဒဏ်သင့်သည်က များလှသဖြင့် ထိုခင်ပွန်းကြီးဆယ်ပါးတို့ကို အထူးရိုသေလေးမြတ်ပူဇော်အပ်လှပါသည်။

ပြစ်မှားမိပါလျှင်လည်း မမေ့မလျော့မပေါ့မဆဘဲ ချက်ချင်းလက်ငင်း မဆိုင်းမတွ အလေးဂရုပြု၍ အပြစ်မကျရောက်ပြေပျောက်စေရန် ရှိခိုးကန်တော့ဝန်ချတောင်းပန်မှသာ အပြစ်ပြေပျောက်ချမ်းသာရောက်ကြောင်း မြန်မာရာဇဝင်၌ ပုဂံခေတ်တွင် ဘုန်းကံကြီးမား မင်းဇကရာဇ်တစ်ပါးဖြစ်သော အလောင်းစည်သူမင်းကြီး၏ ထုံးသာဓကနှင့် ခင်ပွန်းကြီးဆယ်ဖြာပူဇာအစီအရင်တို့ကို ပြဆိုပါမည်။

### ဘိုးဘေးတို့ကို ပြစ်မှားမိသော အလောင်းစည်သူမင်းကြီး

တစ်ရံရောအခါ အလောင်းစည်သူမင်းကြီး ဤသို့ ကြံတော်မူ၏။ ငါကား ဘုန်းကြီးသော မင်းဖြစ်၍ ဇမ္ဗူသပြေပင်ရင်းသို့ရောက်၍ သိကြားပေးသောအမည်ကိုခံရသည်။ သရက္ခန်ငါးပိုင်း၊ ဒက္ခိဏာသာခါဗောဓိခက်တို့ကိုလည်း ဘုရားရုပ်တုတော်ထု၍ ကိုးကွယ်ရသည်။

သိန်းယိုကျွန်း၊ မလ္လာယုကျွန်း၊ မာန်အောင်ကျွန်းသို့ရောက်တော်မူ၍ အထူးထူးသော ရှုဖွယ်ကြည့်ဖွယ်မြင်တော်မူရသည်။

ဘေးလောင်းတော်တို့သည် ငါကဲ့သို့ ဘုန်းတန်ခိုးကြီးမည်မထင်ဟူ၍ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားတော်မူဘိ၏။

ထိုခဏ၌ မျက်လုံးတော်နှစ်ဖက် ကွယ်တော်မူချေ၏။ ထိုသို့ မျက်လုံးတော်မမြင်ရှိခဲ့လျှင် ပညာရှိတို့အား မေးတော်မူ၏။ ဟူးရားဖြူ ဟူးရားညိုတို့လည်း ဘေးလောင်းတော်တို့ကို ပြစ်မှားတော်မူသောကြောင့် မျက်လုံးတော်ကွယ်သည်။ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ကို ရွှေတန်ဆောင်း၊ ငွေတန်ဆောင်း၊ ရွှေပန်း၊ ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်တော်မူလျှင် မျက်လုံးတော်မြင်လတ္တံ့ဟူ၍ နားတော်လျှောက်၏။

အလောင်းစည်သူမင်းကြီးလည်း ပုဂံရာမပြည် တည်ထောင်စ သမုဒ္ဒရာဇ်မင်းမှစ၍ ခမည်းတော် စောယွမ်းတိုင်အောင် မင်းလေးဆယ့်လေးဆက်တို့၏အရုပ်ကို ရွှေသွန်း၍ရွှေအင်းပျဉ်ထက် ထားပြီးလျှင် ရွှေတန်ဆောင်း၊ ငွေတန်ဆောင်း၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်တော်မူ၏။

ထိုသို့ ပူဇော်သောခဏ၌ မင်းကြီးမျက်လုံးတော်မြင်လေ၏။

ဤကား မှန်နန်းရာဇဝင်တော်ကြီး၊ စတုတ္ထတွဲ၊ ပုဂံမင်းဆက် (၁၄၆) အလောင်းစည်သူမင်းကြီးအကြောင်းကို ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။

အလောင်းစည်သူမင်းကြီး၏ ထုံးသာဓကကို ထောက်ရှုလျက် မပြစ်မှားသင့်၊ မပြစ်မှားထိုက်သော ပုဂ္ဂိုလ်ခင်ပွန်းကြီးတို့ကို ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြစ်မှားမိ၍ မျက်မှောက်ခဏမှာပင် အပြစ်ရောက်၍ မျက်စိကွယ်သည်ကို ပညာရှိတို့စကားနာယူ၍ မလေးမဖင့်ရှိခိုးကန်တော့ဝန်ချတောင်းပန်သောအကျိုးကြောင့် တစ်ခဏချင်းပင် အပြစ်ပြေပျောက် ချမ်းသာရောက်ရသည်ကို ထောက်ရှု၍ မိမိတို့ပြစ်မှားမိသည်ရှိက အပြစ်ပြေပျောက် ချမ်းသာရောက်အောင် ကျေးဇူးရှင်ခင်ပွန်းကြီးဆယ်ပါးတို့ကို ရှိခိုးကန်တော့ဝန်ချတောင်းပန်ရမည်ဖြစ်ပါသည်။

## ခင်ပွန်းကြီးဆယ်ဖြာပူဇာအစီအစဉ်

မသိမိုက်မှား၍ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ခင်ပွန်းကြီးဆယ်ပါးတို့အား ပြစ်မှားမိပါက မိဘ၊ ဆရာ၊ ကျေးဇူးပြုဖူးသူ စသော သက်ရှိထင်ရှားရှိသောပုဂ္ဂိုလ်တို့ဖြစ်လျှင် ထိုပုဂ္ဂိုလ်တို့ မျက်မှောက်တွင် မိမိပြစ်မှားမိသောအပြစ်ကိုဖော်ထုတ် တောင်းပန်ရှိခိုးကန်တော့ရပါမည်။

မသွားရောက်နိုင်ပါက ထိုပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကို အလေးအမြတ်ပြု၍ မိမိပြစ်မှားမိ

သည့်အပြစ်ကို မိမိနှုတ်မှ ဖွင့်ဟဝန်ခံ၍ ရှိခိုးကန်တော့ဝန်ချတောင်းပန်ရပါမည်။

မိမိအိမ်ဘုရားဆောင်ရှေ့စားပွဲတစ်ခုတွင် သန့်ပြန့်စင်ကြယ်စွာပြုလျက် ခင်ပွန်းကြီးဆယ်ပါး၏ ဂုဏ်ကျေးဇူးကို အလေးအမြတ်ရည်စူး၍ သရဏဂုံသီလယူပြီး ဆွမ်းကပ်လျှလျှင် ဆယ်ပွဲ၊ ဆီမီး ဆယ်တိုင်၊ နံ့သာတိုင် ဆယ်တိုင်၊ ရေချမ်း ဆယ်ခွက် စသည်ဖြင့် ခင်ပွန်းကြီးဆယ်ပါးကို တစ်ပါးလျှင် တစ်မျိုးစီတတ်စွမ်းသမျှ ပူဇော်လျက် မြတ်စွာဘုရားမှစ၍ ခင်ပွန်းကြီးဆယ်ပါးတို့အား ရှိခိုးကန်တော့လျက် မိမိပြစ်မှားမိသော အပြစ်တစ်စုံတစ်ရာရှိပါက ပြေပျောက်စေကြောင်း ဆုတောင်းပြီး မေတ္တာပို့ အမျှဝေမှုတို့ကို ပြုရပါမည်။

ဤကဲ့သို့ ကျေးဇူးရှင်ခင်ပွန်းကြီးတို့အား နိစ္စမသေ့ နေ့စဉ်ဘုရားဝတ်တက်တိုင်း ပူဇော်ခြင်း ပြုပါက ဘေးဒဏ်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံလျက် လောကီ၊ လောကုတ္တရာ၊ ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာအကျိုး ပွားတိုးကြမည်မှာ မလွဲကေန်အမှန်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ခင်ပွန်းကြီးဆယ်ပါးအား
## ရှိခိုးကန်တော့ ဝန်ချတောင်းပန်ရန်နှင့် ဆုတောင်း

### (၁) သဗ္ဗညုဘုရားရှင်

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ဂုဏ်ကျေးဇူးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား မြတ်စွာဘုရား . . .

ဘုရားတပည့်တော်သည် ကျင်လည်ခဲ့ရာ သံသရာမှယနေ့ကျအောင် အနန္တကျေးဇူးရှင် ခင်ပွန်းကြီးဖြစ်တော်မူကြကုန်သော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့အား ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ အရိုအသေ အလေးအမြတ် အနူးအညွတ် လက်စုံမိုး၍ရှိခိုးကန်တော့ ဝန်ချတောင်းပန်ပါ၏။

ဤသို့ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ ဝန်ချတောင်းပန်ရသော အကျိုးအားကြောင့် ကျရောက်ဆဲ၊ ကျရောက်လတ္တံ့သော အပြစ်ခပ်သိမ်းကင်းလွတ်ငြိမ်း၍ ကောင်းကျိုးချမ်းသာမင်္ဂလာဟူသမျှတို့ ရရှိပြည့်စုံပါစေသတည်း။

### (၂) ပစ္စေကဗုဒ္ဓါ

ဘုရားတပည့်တော်သည် ကျင်လည်ခဲ့ရာ သံသရာမှ ယနေ့ကျအောင် ကျေးဇူးရှင်ခင်ပွန်းကြီး ဖြစ်တော်မူကြကုန်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ အရိုအသေ၊ အလေးအမြတ်၊ အနူးအညွတ် လက်စုံမိုး၍ ရှိခိုးကန်တော့ ဝန်ချတောင်းပန်ပါ၏။

ဤသို့ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ ဝန်ချတောင်းပန်ရသော အကျိုးအား ကြောင့် ကျရောက်ဆဲ၊ ကျရောက်လတ္တံ့သော အပြစ်ခပ်သိမ်း ကင်းလွတ်ငြိမ်း၍ ကောင်းကျိုး ချမ်းသာ မင်္ဂလာဟူသမျှတို့ ရရှိပြည့်စုံပါစေသတည်း။

## (၃) သာဝကရဟန္တာ

ဘုရားတပည့်တော်သည် ကျင်လည်ခဲ့ရာသံသရာမှ ယနေ့ကျအောင် ကျေးဇူးရှင်ခင်ပွန်းကြီး များဖြစ်ကြကုန်သော ပကတိသာဝကရဟန္တာအရှင်မြတ်ကြီးတို့အား ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုး ငှာ အရိုအသေအလေးအမြတ် အနူးအညွတ် လက်စုံမိုး၍ ရှိခိုးကန်တော့ ဝန်ချတောင်းပန်ပါ၏။

ဤသို့ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ဝန်ချတောင်းပန်ရသောအကျိုးအား ကြောင့် ကျရောက်ဆဲ၊ ကျရောက်လတ္တံ့သော အပြစ်ခပ်သိမ်း ကင်းလွတ်ငြိမ်း၍ ကောင်းကျိုး ချမ်းသာ မင်္ဂလာဟူသမျှတို့ ရရှိပြည့်စုံပါစေသတည်း။

## (၄) အဂ္ဂသာဝက၊ မဟာသာဝက

ဘုရားတပည့်တော်သည် ကျင်လည်ခဲ့ရာ သံသရာမှ ယနေ့ကျအောင် ကျေးဇူးရှင်ခင်ပွန်း ကြီးများဖြစ်ကြသော အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာအရှင်မြတ်ကြီးတို့အား ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါ စေခြင်း အကျိုးငှာ အရိုအသေ၊ အလေးအမြတ်၊ အနူးအညွတ် လက်စုံမိုး၍ ရှိခိုးကန်တော့ ဝန်ချတောင်းပန်ပါ၏။

ဤသို့ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ဝန်ချတောင်းပန်ရသော အကျိုးအား ကြောင့် ကျရောက်ဆဲ၊ ကျရောက်လတ္တံ့သော အပြစ်ခပ်သိမ်း ကင်းလွတ်ငြိမ်း၍ ကောင်းကျိုး ချမ်းသာ မင်္ဂလာဟူသမျှတို့ ရရှိပြည့်စုံပါစေသတည်း။

## (၅) မိခင်

ဘုရားတပည့်တော်သည် ကျင်လည်ခဲ့ရာ သံသရာမှယနေ့ကျအောင် ကျေးဇူးရှင်ခင်ပွန်း ကြီးများဖြစ်ကြကုန်သော သံသရာဘဝများစွာ၌ ဖော်စပ်ခဲ့သော မိခင်တို့အားလည်းကောင်း၊ ယခုဘဝ မွေးသမိခင် ကျေးဇူးရှင်ကြီးအားလည်းကောင်း၊ ကာယကံ၊ ဝစီကံ၊ မနောကံတည်း ဟူသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ အရို အသေ အလေးအမြတ် အနူးအညွတ် လက်စုံမိုး၍ ရှိခိုးကန်တော့ ဝန်ချတောင်းပန်ပါ၏။

ဤသို့ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ဝန်ချတောင်းပန်ရသော အကျိုးအားကြောင့် ကျရောက်ဆဲ ကျရောက်လတ္တံ့သော အပြစ်ခပ်သိမ်းကင်းလွတ်ငြိမ်း၍ ကောင်းကျိုးချမ်းသာ မင်္ဂလာဟူသမျှတို့ ရရှိပြည့်စုံပါစေသတည်း။

## (၆) ဖခင်

ဘုရားတပည့်တော်သည် ကျင်လည်ခဲ့ရာ သံသရာမှယနေ့ကျအောင် ကျေးဇူးရှင်ခင်ပွန်းကြီးများဖြစ်ကြကုန်သော သံသရာဘဝများစွာ တော်စပ်ခဲ့သော ဖခင်တို့အားလည်းကောင်း၊ ယခုဘဝ ကျေးဇူးရှင်ဖခင်ကြီးအားလည်းကောင်း၊ ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ အရိုအသေ အလေးအမြတ် အနူးအညွတ် လက်စုံမိုး၍ ရှိခိုးကန်တော့ ဝန်ချတောင်းပန်ပါ၏။

ဤသို့ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ဝန်ချတောင်းပန်ရသော အကျိုးအားကြောင့် ကျရောက်ဆဲ ကျရောက်လတ္တံ့သော အပြစ်ခပ်သိမ်းကင်းလွတ်ငြိမ်း၍ ကောင်းကျိုးချမ်းသာ မင်္ဂလာဟူသမျှတို့ ရရှိပြည့်စုံပါစေသတည်း။

## (၇) ဆရာ

ဘုရားတပည့်တော်သည် ကျင်လည်ခဲ့ရာ သံသရာမှယနေ့ကျအောင် ကျေးဇူးရှင်ခင်ပွန်းကြီးများဖြစ်ကြကုန်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းတို့အား ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ အရိုအသေ အလေးအမြတ် အနူးအညွတ် လက်စုံမိုး၍ ရှိခိုးကန်တော့ ဝန်ချတောင်းပန်ပါ၏။

ဤသို့ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ဝန်ချတောင်းပန်ရသော အကျိုးအားကြောင့် ကျရောက်ဆဲ ကျရောက်လတ္တံ့သော အပြစ်ခပ်သိမ်းကင်းလွတ်ငြိမ်း၍ ကောင်းကျိုးချမ်းသာ မင်္ဂလာဟူသမျှတို့ ရရှိပြည့်စုံပါစေသတည်း။

## (၈) အဖန်တလဲလဲ ဆုံးမပေတတ် ဆရာမြတ်

ဘုရားတပည့်တော်သည် ကျင်လည်ခဲ့ရာ သံသရာမှယနေ့ကျအောင် ကျေးဇူးရှင်ခင်ပွန်းကြီးများဖြစ်ကြကုန်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူကြကုန်သော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ် စသော အဖန်တလဲလဲ ဆုံးမပေတတ် ဆရာမြတ်တို့အား ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို

ပျောက်ပါစေခြင်းအကျိုးငှာ အရိုအသေ အလေးအမြတ် အနူးအညွတ် လက်စုံမိုး၍ ရှိခိုးကန်တော့ ဝန်ချတောင်းပန်ပါ၏။

ဤသို့ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ဝန်ချတောင်းပန်ရသော အကျိုးအားကြောင့် ကျရောက်ဆဲ ကျရောက်လတ္တံ့သော အပြစ်ခပ်သိမ်းကင်းလွတ်ငြိမ်း၍ ကောင်းကျိုးချမ်းသာ မင်္ဂလာဟူသမျှတို့ ရရှိပြည့်စုံပါစေသတည်း။

## (၉) တရားဓမ္မဟောကြားညွှန်တတ် ပုဂ္ဂိုလ်မြတ်

ဘုရားတပည့်တော်သည် ကျင်လည်ခဲ့ရာ သံသရာမှယနေ့ကျအောင် ကျေးဇူးရှင်ခင်ပွန်းကြီးများဖြစ်ကြကုန်သော တရားဓမ္မလမ်းမှန်ပြ၍ ဟောပြောပြသ ဆုံးမတတ်သော ပုဂ္ဂိုလ်မြတ်တို့အား ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ အရိုအသေ အလေးအမြတ် အနူးအညွတ် လက်စုံမိုး၍ ရှိခိုးကန်တော့ ဝန်ချတောင်းပန်ပါ၏။

ဤသို့ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ဝန်ချတောင်းပန်ရသော အကျိုးအားကြောင့် ကျရောက်ဆဲ ကျရောက်လတ္တံ့သော အပြစ်ခပ်သိမ်းကင်းလွတ်ငြိမ်း၍ ကောင်းကျိုးချမ်းသာ မင်္ဂလာဟူသမျှတို့ ရရှိပြည့်စုံပါစေသတည်း။

## (၁၀) ပေးကမ်းကျေးဇူးပြုဖူးသော ပုဂ္ဂိုလ်

ဘုရားတပည့်တော်သည် ကျင်လည်ခဲ့ရာ သံသရာမှယနေ့ကျအောင် ကျေးဇူးရှင်ခင်ပွန်းကြီးများဖြစ်ကြကုန်သော ကျွေးမွေးစောင့်ရှောက်ကူညီထောက်ပံ့သည့် ကျေးဇူးရှင်တို့အား ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ အရိုအသေ အလေးအမြတ် အနူးအညွတ် လက်စုံမိုး၍ ရှိခိုးကန်တော့ ဝန်ချတောင်းပန်ပါ၏။

ဤသို့ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ဝန်ချတောင်းပန်ရသော အကျိုးအားကြောင့် ကျရောက်ဆဲ ကျရောက်လတ္တံ့သော အပြစ်ခပ်သိမ်းကင်းလွတ်ငြိမ်း၍ ကောင်းကျိုးချမ်းသာ မင်္ဂလာဟူသမျှတို့ ရရှိပြည့်စုံပါစေသတည်း။

## ရှေးပညာရှိကြီးများ ပူဇော်ခဲ့သော
## ခင်ဝွန်းကြီးဆယ်ပါး ရှိခိုးဂါထာ

**ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ၊ အရဟာ အဂ္ဂသာဝကာ၊ မာတာပိတု ဂုရုသတ္ထာ၊ ဓမ္မဒေသကာစ ဒါယကာ၊ အဟံဝန္ဒာမိ သဗ္ဗဒါ။**

**ဗုဒ္ဓါစ**-သစ္စာလေးပါးမြတ်တရားကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်းသိမြင်ဘုရားရှင်တို့လည်းကောင်း၊

**ပစ္စေကဗုဒ္ဓါစ**- သစ္စာလေးအင် သိမြင်ပါလည်း ဖွင့်ဆိုညွှန်းကာမဟောပါဘဲ လိုရာပြည့်စေဆုပေးလေသည့် ပစ္စေတဗုဒ္ဓါအရှင်မြတ်တို့လည်းကောင်း၊

**အရဟာစ**- အာသဝေါကင်းစင်ရဟန္တာအရှင်တို့လည်းကောင်း၊

**အဂ္ဂသာဝကာစ**- ဘုရားရှင်ပါး ဝဲယာခြံရံတန်ခိုးလျှံသည့် ဧတဒဂ်မည်ရ အဂ္ဂသာဝကာတို့လည်းကောင်း၊

**မာတာစ**- ကိုးလလွယ် ဆယ်လဖွားသည်မှ လူလားမြောက်အောင် နို့ချိုတိုက်ကျွေးစောင့်ရှောက်ပေးသည့် မွေးသမိခင် ကျေးဇူးရှင်လည်းကောင်း၊

**ပိတုစ**- မွေးသည်မှစ လူလားမြောက်အောင် ရှေ့ဆောင်လမ်းပြ မွေးကျွေးသွန်သင်ကျေးဇူးရှင် ဖခင်လည်းကောင်း၊

**ဂုရုစ**- ကောင်းကျိုးချမ်းသာ မင်္ဂလာပြအတတ်ရအောင် ညွှန်ပြသွန်သင် အလေးအမြတ်ပြုအပ်သည့် ဆရာသခင်လည်းကောင်း၊

**သတ္ထာစ**- လိမ္မာယဉ်ကျေး ဖြောင့်မှန်ရေးအတွက် ကျိုးကြောင်းဖော်ပြ ဆိုဆုံးမသည့်ကျေးဇူးကြီးစွာ မြတ်ဆရာလည်းကောင်း၊

**ဓမ္မဒေသကာစ**- ဘဝသံသရာ ကျင်လည်ရာ၌ မမှောက်မမှား တရားလမ်းကြောင်း သိစကောင်းအောင် ဟောဖော်ညွှန်ပြ ကယ်တင်မသည့် ကျေးဇူးရှင်ကိုလည်းကောင်း၊

**ဒါယကာစ-** စားဝတ်နေရေး မနှောင့်နှေးအောင် ချီးမြှောက်စောင်မ ပေးကမ်းကြသည့် ကျေးဇူးရှင်တို့လည်းကောင်း၊

**ဣမေဒသမဟာဂုဏော-** လေးမြတ်အင်္ဂါ ပြည့်စုံပါ၍ မပြစ်မှားထိုက်ရာ ကျေးဇူးဖြာသည့် အနန္တဂုဏ်အင် ကျေးဇူးရှင်ခင်ပွန်းကြီးဆယ်ပါးတို့ကို၊

**အဟံ-** အကျွန်ုပ်သည်၊ **သဗ္ဗဒါ-** အခါခပ်သိမ်း၊ **ဝန္ဒာမိ-** လေးမြတ်ညွတ်ကျိုး လက်စုံမိုး၍ မာန်စွယ်နှိမ်ကျိုးရှိခိုးပါ၏ အရှင်ဘုရား။

## ခင်ပွန်းကြီးဆယ်ပါး ကန်တော့ချီး

### ဆုတောင်းမေတ္တာပို့ အမျှဝေ

ခင်ပွန်းကြီးဆယ်ပါး ပူဇော်ကန်တော့ပါရ မြတ်ပုညကြောင့် ယခု ပစ္စက္ခ ဤဘဝတွင် ရောဂါဘေးဒဏ်ရန်မာန် အန္တရာယ်ခပ်သိမ်း ကင်းပျောက်ငြိမ်းသည်ဖြစ်၍ ဘေးမဲ့သာခေါင် နိဗ္ဗူသောင်သို့ မြန်စွာထုတ်ချောက် လမ်းမကောက်ဘဲ ရောက်ရပါလို၏။

ထိုထိုဘဝ ကျင်လည်ရလည်း အနိဋ္ဌဘေးဒဏ် ရန်မာန်ဟူသမျှ မတွေ့ကြုံရဘဲ ကောင်းပင် ကောင်းကျိုးကောင်းအောင်ကျိုး၍ ကောင်းကျိုးကိုယ်မှာ တည်ပါစေသောဝ်။

ယနေ့ယခု ပြုပြုသမျှ၊ မြတ်ဘာဂကို၊ မိဘာဆရာ မျိုးသဟာနှင့်၊ ကိုယ်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်က၊ အရင်းစ၍၊ ရှိသမျှလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျတို့၊ ရကြပါစေ၊ အမျှဝေသည်၊ များတွေ့ သာဓုခေါ်စေသောဝ်။

ဝသုန္ဓရေ ဤမြေပံ့သု သီလာထုလည်း သက်သေအမှု၌ တည်စေသောဝ်။

**ကုသိုလ် အမျှ .... အမျှ .... အမျှ .... ယူတော်မူကြပါကုန်လော့**

**သာဓု .... သာဓု .... သာဓု**

## တေမိယဇာတ်လာ မိတ္တပူဇာ ဆယ်ဂါထာ မြန်မာပြန်

### တေမိယဇာတ် ရထားထိန်းနှင့်စကားစစ်ထိုးခဏ်း
### ဘုရားအလောင်းတော် တေမိယမင်းသား အဆိုအမိန့်
### မိတ္တပူဇာ ဆယ်ဂါထာ မြန်မာပြန်

၁။ အကြင်သူသည် အဆွေခင်ပွန်းကို မပြစ်မှား။
ထိုမပြစ်မှားသောသူသည် များမြတ်ပြန့်ပြောသော အစာရှိသည်ဖြစ်၏။
မိမိအိမ်မှကင်းသော်လည်း ထိုသူကို များစွာသောသူတို့သည် မှီ၍အသက်မွေးရာ၏။

၂။ ရထားမှူး . . . အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။
ထိုမပြစ်မှားသောသူသည် အကြင်ဇနပုဒ်သို့ သွားအံ့။
အကြင် အကြင် နိဂုံးရွာတို့သို့ သွားအံ့။
အကြင် အကြင် မင်းနေပြည်တို့သို့ သွားအံ့။
ခပ်သိမ်းသော ရွာ၊ နိဂုံး၊ မင်းနေပြည်တော်တို့၌ သူခပ်သိမ်းတို့ ပူဇော်ချီးမြှောက်ခြင်းကို ခံရသည်ဖြစ်၏။

၃။ အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။
ထိုမပြစ်မှားသောသူအား ခိုးသူတို့သည် မညှဉ်းဆဲနိုင်ကုန်။
မင်းတို့သည် မထေမဲ့မြင် မပြုကုန်။
ခပ်သိမ်းသောရန်သူတို့ကို လွှမ်းမြှောက်နိုင်၏။

၄။ ရထားမှူး . . အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။
အဆွေခင်ပွန်းတို့အား မပြစ်မှားသောထိုသူသည် အမျက်မထွက်သည်ဖြစ်၍ မိမိအိမ်သို့ လာရ၏။

ပရိသတ်အလယ်၌ သူ့ခပ်သိမ်းတို့ နှစ်လိုသည်ဖြစ်၏။
ဆွေမျိုးအပေါင်းအဖော်တို့ထက် မြက်သည်ဖြစ်၏။

၅။ ရဟန်းမျိုး . . . အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။
ထိုသူသည် သူတစ်ပါးတို့အား မိမိချီးမြှောက်ပေးကမ်းခြင်းပြုလေ့ရှိသည်ဖြစ်၍ မိမိကို သူတစ်ပါးတို့ ပေးကမ်းချီးမြှောက်ခံရသည်ဖြစ်၏။
သူတစ်ပါးတို့ကို မိမိ အရိုအသေ အလေးအမြတ်ပြုသည်ဖြစ်၍ မိမိကို သူတစ်ပါးတို့ အရိုအသေ အလေးအမြတ်ပြုသည်ဖြစ်၏။
ဂုဏ်ကျေးဇူးသတင်း ကျော်စောခြင်းရှိသည်လည်း ဖြစ်၏။

၆။ ရဟန်းမျိုး . . . အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။
ထိုမပြစ်မှားသောသူသည် သူတစ်ပါးတို့အား ပစ္စည်းဖြင့်ပူဇော်ခြင်း၊ ကိုယ်၊ နှုတ်တို့ဖြင့် ပူဇော်ခြင်း၊ နှလုံးဖြင့်ပူဇော်ခြင်းကို ပြုသည်ဖြစ်၍ သူတစ်ပါးတို့ ပူဇော်ခြင်းကို မိမိခံရရာ၏။
ဂုဏ်ဖြင့်ကြီးမြတ်သော သူတို့အား ရှိခိုးလေ့ရှိသည်ဖြစ်၍ သူတစ်ပါးတို့ ရှိခိုးတံ့ကို မိမိခံရရာ၏။
အခြံအရံများဖြင့် ကျော်စောခြင်းသို့လည်း ရောက်၏။

၇။ ရဟန်းမျိုး . . . အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။
ထိုမပြစ်မှားသောသူသည် မီးတောက်မီးလျှံကဲ့သို့ အခြံအရံစည်းစိမ်အရှိန်အဝါဖြင့် တောက်ပရာ၏။
တန်ခိုးကြီးသော နတ်ကဲ့သို့ ကျက်သရေဖြင့် တင့်တယ်၏။
ဘုန်းကျက်သရေမှ မစွန့်သည်ဖြစ်၏။

၈။ ရဟန်းမျိုး . . . အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။
ထိုအဆွေခင်ပွန်းမပြစ်မှားသောသူအား နွား၊ ကျွဲ၊ ဆင်၊ မြင်း၊ ကျွန်၊ အမှုလုပ်အစရှိသော အစေအပါး အခြံအရံတို့သည် ပွားများကုန်၏။
လယ်မြေ၌ ပစ္စုပ္ပန်သံသရာအကျိုးငှာ ပြုအပ်သော သမယခေတ်၌ စိုက်ပျိုးပြုစု ဆောင်ရွက်အပ်သော အမှုအရေးအကျိုးပေးမျိုးစေ့ဟူသမျှသည် မနှောင့်မယှက်တက်ဖြိုးပွားစီး၏။

၉။ အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။
ထိုမပြစ်မှားသောသူသည် မြင့်သောတောင်ကမ်းပါးပြတ်မှလည်းကောင်း၊ မြင့်သောသစ်ပင်ထက်မှလည်းကောင်း ကျသော်လည်း တည်ရာကိုရ၏။

ကျ၍ စုတေသော်လည်း တမလွန်ဘဝ၌ သုဂတိတည်းဟူသော တည်ရာကိုးကွယ်ရာကိုရ၏။

၁၀။ ရထားမှူး . . . အကြွင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။

ထိုမပြစ်မှားသောသူကို တက်ပွားရွှန်းမြိုင် ခိုင်ခံ့ခြင်းအကြောင်း ကောင်းစွာ မြစ်သေးမြစ်မ ခိုင်ခံ့မြဲမြဲလျက် တည်ခြင်းရှိသော ပညောင်ပင်ကို လေဆိုးမုန်တိုင်းသည် မညှဉ်းဆဲနိုင်သကဲ့သို့ ထိုအတူ မချစ်မနှစ်လိုကုန်သောသူတို့သည် မညှင်းဆဲနိုင်ကုန်။

အကြွင်သူသည် အကြွင်သစ်ပင်၏အရိပ်၌နေမှုလည်း နေဖူးအံ့။ အိပ်မှုလည်း အိပ်ဖူးအံ့။ ထိုသူသည် ထိုသစ်ပင်၏အခက်အလက်ကို မချိုးမဖျက်ရာ။ ချိုးဖျက်သည်ရှိသော် ထိုသူကို ခင်ပွန်းပြစ်မှားသော သူယုတ်မာဟူ၍သာလျှင် သိအပ်၏။

ရှေးအခါက ဗာလဝါဏိဇ္ဇဖြစ်သော လှည်းကုန်သည်ငါးရာတို့သည် ရေမရှိသောခရီးစဲ၌ ပင်ပန်းနေရာမှ နဂါးမင်းစောင့်သော သပြေပင်ကြီးကိုတွေ့ကြလေသည်။ နဂါးမင်းက တန်ခိုးဖြင့် တစ်ခုသောအခက်၌ရေ တစ်ခုသောအခက်၌ ရတနာတို့ကို ထွက်စေခဲ့သည်။

ဘုရားအလောင်း လှည်းမှူးပညာရှိသည် ထိုအခက်တို့၌ ရေ၏ပြည့်စုံခြင်း၊ ရတနာတို့ပြည့်စုံခြင်းရှိနေပါလျက် လှည်းသားတို့သည် ရေရှိသောအခက်ကိုဖြတ်ချိုး၍သောက်ကြခြင်း၊ ရတနာရှိသောအခက်တို့ကိုဖြတ်ချိုး၍ ရတနာတို့ရပြီးပါလျက် လောဘထွက်ကြကာ ကျေးဇူးမဲ့ပြုကြလျက် ထိုသစ်ပင်၏ပင်စည်အမြစ်ကိုပါ ဖြတ်လှဲကြည့်ရလေသော် များစွာသောဥစ္စာတို့ကိုရရာ၏ဟု တိုင်ပင်ကြသည်ကို ကြားသိရလေသည်။

ထိုအခါ လှည်းမှူးပညာရှိသည် ကျေးဇူးရှင်ဖြစ်သော သစ်ပင်၌မပြစ်မှားအပ်ကြောင်း၊ ထိုလှည်းသားမိုက်တို့အား အကြိမ်ကြိမ်တားမြစ်ဆုံးမလေသည်။ သို့သော် ထိုလှည်းသားမိုက်တို့သည် ဘုရားအလောင်း၏စကားကို မနာခံ၊ ပယ်လှန်ကြလျက် အနိုင်အထက်ပြု၍ သစ်ပင်ကို ခုတ်လှဲဖျက်ဆီးမည်ပြုကြလေသည်။

ထိုအခါ သစ်ပင်စောင့်နတ်ဖြစ်သော နဂါးမင်းသည် အမျက်ထွက်၍ မျက်စောင်းလွှတ်သဖြင့် လှည်းသားမိုက်ငါးရာလုံးတို့ ပျက်စီးခြင်းသို့ရောက်ခဲ့ရလေသည်။

ပြစ်မှားခြင်းကို မပြုသော လှည်းမှူးပညာရှိမှုကား မိမိနေရာ ဗာရာဏသီပြည်သို့ ချမ်းသာစွာဖြင့် ရတနာလှည်းငါးရာတို့နှင့် ပြန်လည်ရောက်ရှိခဲ့လေသတည်း။

**(၁) အကြွင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။**

**ထိုမပြစ်မှားသောသူသည် များမြတ် ပြန့်ပြောသော အစာရှိ၏။**

**မိမိအိမ်မှကင်းသော်လည်း ထိုသူကိုများစွာသောသူတို့သည် မှီ၍အသက်မွေးရာ၏။**

မြတ်စွာဘုရားဟူသော အဆွေခင်ပွန်းကို ပြစ်မှားခြင်းကြောင့် ဒေဝဒတ်၊ ကောကာလိက အစရှိသောသူတို့သည် ကြီးစွာသောဒဏ်ရောက်ခဲ့ရပါသည်။

မဟာကပိဇာတ်၌ ချောက်ထဲမှကုန်းသို့တင်၍ ဗာရာဏသီပြည်ခရီးတိုင်အောင် ပခုံးဖြင့် ချီလျက် ပို့ဆောင်ပေးခဲ့သော ကျေးဇူးရှင်ဘုရားအလောင်း မျောက်မင်းအား ဦးခေါင်းကို ခဲဖြင့် ထုကာ သွေးတစ်စက်စက်၊ ယိုစီးသေကြေအောင် ပြစ်မှားခဲ့မိခြင်းကြောင့် အဝတ်အစားမဲ့ကာ အထီးကျန်လျက် ကုဋ္ဌနူနာစသော ဒဏ်ကြီးစွာရောက်ရသည့် ဒေဝဒတ်အလောင်း နွားထိန်းပုဏ္ဏားအဖြစ်မှာ လွန်စွာထိတ်လန့်ဖွယ်ကောင်းလှပါသည်။

(၂) ရထားမှူး . . . အကြင်သူသည် အဆွေခင်ပွန်းကို မပြစ်မှား။
ထိုမပြစ်မှားသောသူသည် အကြင်ဇနပုဒ်သို့သွားအံ့၊
အကြင် အကြင်နိဂုံးရွာတို့သို့ သွားအံ့၊
အကြင် အကြင် မင်းနေပြည်တော်တို့သို့ သွားအံ့၊
ခပ်သိမ်းသော ရွာ၊ နိဂုံး၊ မင်းနေပြည်တော်တို့၌ သူခပ်သိမ်းတို့ ပူဇော်ချီးမြှောက်ခြင်းကို ခံရသည်ဖြစ်၏။

စန္ဒကုမာရဇာတ်၌ အဆွေခင်ပွန်းကောင်းတို့ကို ပြစ်မှားမိသော ခဏ္ဍဟာလပုဏ္ဏား၊ ဧကရာဇ်မင်း၊ အမ္ဗဋ္ဌသုတ်၌ အမ္ဗဋ္ဌလုလင်တို့သည် သူတစ်ပါးတို့၏ ကဲ့ရဲ့ရှုတ်ချမှုကိုကြီးစွာ ခံခဲ့ကြရသည်။

အရှင်သီဝလိမထေရ်သည်လည်းကောင်း၊ မဟောသဓာသုခမိန်၊ ဝိဓူရသုခမိန်အစရှိသူတို့သည် အဆွေခင်ပွန်းကောင်းကို မြတ်နိုးပူဇော်ခြင်းကြောင့် သွားလေရာ၌ မျက်နှာပွင့်လန်းလျက် လူနတ်တို့၏ ပူဇော်အထူးကို ခံကြရပါသည်။

(၃) အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။
ထိုမပြစ်မှားသောသူအား ခိုးသူတို့သည် မညှဥ်းဆဲနိုင်ကုန်၊
မင်းတို့သည် မထေမဲ့မြင်မပြုကြကုန်၊
ခပ်သိမ်းကုန်သော ရန်သူတို့ကို လွန်မြောက်နိုင်၏။

ဗာရာဏသီပြည်၌ အသပြာတစ်ထောင်ထုပ်ဖြင့် အဆွေခင်ပွန်းဖွဲ့ပေသော သူဌေးသား တည်းဟူသော အဆွေခင်ပွန်းကို ပြစ်မှားမိခြင်းကြောင့် ခိုးသူ၏အနှိပ်စက်ကို သာမာဟူသော ပြည့်တန်ဆာမသည် ခံရကာ အတိဒုက္ခရောက်ခဲ့ရပါသည်။

ပဒုမဇာတ်၌ ပဟိဒေဝတာမည်သော မိန်းမသည် အဆွေခင်ပွန်းကို ပြစ်မှားမိသောကြောင့်

မင်းတို့၏ မထေမဲ့မြင်ပြုခြင်းကို ခံခဲ့ရပါသည်။

အဆွေခင်ပွန်းကို မပြစ်မှားခြင်းကြောင့် သံကိစ္စသာမဏေ၊ ဧကရာဇာဇာတ်တို့၌ မထေမဲ့မြင် မပြုနိုင်ခြင်းအဖြစ်ကို ရခဲ့ပါသည်။

မဟာသီလဝမင်း၊ မာဃလုလင်၊ မဟောသဓာသုခမိန် အစရှိသူတို့သည်လည်း အဆွေခင်ပွန်းကို မပြစ်မှားခဲ့သောကြောင့် ရောက်လာသော ဘေးရန်တို့မှ လွန်မြောက်နိုင်ခဲ့ရပါသည်။

**(၄) ရထားမှူး . . အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။**

**ထိုမပြစ်မှားသောသူသည် အမျက်မထွက်သည်ဖြစ်၍ မိမိအိမ်သို့လာရ၏။**

**ပရိသတ်အလယ်၌ သူခပ်သိမ်းတို့ နှစ်လိုသည်ဖြစ်၏။**

**ဆွေမျိုးအပေါင်းအဖော်တို့ထက် မြတ်သည်ဖြစ်၏။**

အဆွေခင်ပွန်းကို ပြစ်မှားခြင်းကြောင့် နေသာဒပုဏ္ဏား၊ စူဇကာပုဏ္ဏား စသူတို့သည် မိမိအိမ်သို့ နှလုံးမသာ မျက်နှာမရွှင်ပြန်ခဲ့ရသည်။

မိတ္တဝိန္ဒကလုလင်၊ ရှင်လောကတိဿ စသူတို့သည်လည်း ပရိသတ်တို့ မနှစ်မြို့ခံခဲ့ရသည်။

ရုရုမိဂဇာတ်၌ ရေထဲမှကုန်းထက်သို့ ဆယ်တင်ပေးခဲ့သော ဆတ်မင်းအား ပြစ်မှားမိသဖြင့် ရှင်ဒေဝဒတ်အလောင်းပုဏ္ဏားသည် မင်းအစရှိသော ပရိသတ်တို့၏ ကဲ့ရဲ့ခြင်းခံရလျက် ဆင်းရဲခြင်းသို့ ရောက်ခဲ့ရပါသည်။

ပေါရိသာရသူခိုးသည် မပြစ်မှားထိုက်သူတို့ကို ပြစ်မှားမိသောကြောင့် ပြည်မှနှင်ထုတ်ခြင်းကို ခံခဲ့ရလျက် အဆွေအမျိုးတို့အောက် ယုတ်မာသောအဖြစ်သို့ ရောက်ခဲ့ရပါသည်။

အဆွေခင်ပွန်းကို မပြစ်မှားခြင်းကြောင့် ဘူရိဒတ်နဂါးမင်း၊ ဝေဿန္တရာမင်း အစရှိသော သူတို့သည် မိမိနေရာသို့ မျက်နှာရွှင်လန်းချမ်းသာစွာ ပြန်၍ရောက်ရှိနိုင်ခဲ့ပါသည်။

အဆွေအမျိုးတို့ကို မပြစ်မှားခဲ့သော အမရာဒေဝီ၊ မဒ္ဒီဒေဝီ စသည်တို့နှင့် စူဠနီဗြဟ္မဒတ်မင်း စသူတို့သည် ပရိသတ်တို့နှစ်လိုခြင်းကို ခံယူခဲ့ရပါသည်။

ရတနာသုံးပါးဟူသော ခင်ပွန်းကြီးတို့ကို အရိုအသေချီးမြှောက်ပူဇော်လေ့ရှိသောကြောင့် ဝိသာခါ၊ အနာထပိဏ် စသူတို့သည် အဆွေအမျိုးတို့ထက် ထူးမြတ်၍ ထင်ရှားကျော်စောခြင်း ဖြစ်ခဲ့ပါသည်။

**(၅) ရထားမှူး . . . အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။**

**ထိုသူသည် သူတစ်ပါးတို့အား မိမိချီးမြှောက်ပေးကမ်းလှူပြုသည်ဖြစ်၍ မိမိကို သူတစ်ပါးတို့ ပေးကမ်းချီးမြှောက်ခံရသည်ဖြစ်၏။**

**သူတစ်ပါးတို့ကို မိမိအရိုအသေအလေးအမြတ်ပြုသည်ဖြစ်၍ မိမိကို သူတစ်ပါးတို့ အရိုအသေအလေးအမြတ်ပြုသည်ဖြစ်၏။**

**ဂုဏ်ကျေးဇူးသတင်း ကျော်စောခြင်းရှိသည်လည်း ဖြစ်၏။**

စူဠဒုဒ္ဒရနာဂဇာတ်၌ သူတစ်ပါးတို့အား မြတ်နိုးတနာ ပူဇော်သက္ကာမရှိခြင်းကြောင့် အဘဖြစ်သူက ဒုဒ္ဒရလုလင်အား ဒုဒ္ဒရနဂါးပြည်မှ နှင်ထုတ်ခြင်းပြုခဲ့ပါသည်။

ကြီးမြတ်သောသူတို့အား ရှိခိုးကျိုးနွံခြင်းမရှိသောကြောင့် မိမိအား သူတစ်ပါးတို့ရှိခိုးကျိုးနွံခြင်းမရှိခဲ့သော အဖြစ်မှာ ခနဥ္စယသူဌေး၏သမီးဝိသာခါ၏ညီမဖြစ်သော သုဇာတာသူဌေးသမီးသည် အမျိုးမာန်၊ စည်းစိမ်မာန်ဖြင့် ထောင်လွှားကြမ်းကြုတ်လျက် မိမိ၏လင်ယောကျ်ားအပေါ် အရှင်သခင်ကဲ့သို့ပြု၍ ယောက္ခမဖြစ်သော အနာထပိဏ်သူဌေးကြီးစသော ကြီးမြတ်သောသူအား ရိုသေကျိုးနွံခြင်းမပြုခဲ့ မာန်မာနထောင်လွှားခဲ့လေသည်။

ထို့ကြောင့် ထိုသုဇာတာသူဌေးသမီးကိုလည်း ကျွန်အမှုလုပ်မှုစ၍ တစ်ပါးသောသူတို့သည် ဤသူဌေးသမီးကား အမျိုးကောင်းသမီး အရှင်မဟူ၍ တစ်စုံတစ်ယောက်မျှ မြတ်နိုးကျိုးနွံခြင်းမရှိသည့်ပြင် မိမိဆိုတိုင်း နှုတ်လှံထိုးရန်တုံ့ပြန်ခြင်း ခံခဲ့ရပါသည်။

သူတစ်ပါးအား ပစ္စည်းဖြင့် ချီးမြှောက်ထောက်ပံ့ပေးကမ်းခြင်း သက္ကာရရှိသောကြောင့် မိမိကိုသူတစ်ပါးတို့ သဂြိုဟ်ချီးမြှောက်ထောက်ပံ့မှုခံရကြောင်းမှာ . .

သဗ္ဗမ်သလာဘီဇာတ်၌ ချိုသာယဉ်ကျေးစွာ ခေါ်ဝေါ်ပြောဆိုသော ဘုရားအလောင်း သူဌေးသား၏စကားကို နှစ်သက်မြတ်နိုးသဖြင့် မုဆိုးသည် တောမှမိမိလှည်းဖြင့် အပြည့်တင်၍ယူဆောင်ခဲ့သော အမဲတို့ကို သူဌေးသားကို ပေးခဲ့ပါသည်။

သူဌေးသားကလည်း မုဆိုးအလုပ်ကို စွန့်စေလျက် များစွာသော အိမ်ထောင်ပစ္စည်း၊ ဥစ္စာစည်းစိမ်တို့ကို အရှင်သာရိပုတြာအလောင်းမုဆိုးအား ချီးမြှောက်ခဲ့ပါသည်။

**(၆) ရထားမှူး . . အကြွင်းသူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။**

**ထိုမပြစ်မှားသောသူသည် သူတစ်ပါးတို့အား ပစ္စည်းဖြင့် ပူဇော်ခြင်း၊ ကိုယ်နှုတ်တို့ဖြင့် ပူဇော်ခြင်း၊ နှလုံးဖြင့် ပူဇော်ခြင်းကို ပြုသည်ဖြစ်၍ သူတစ်ပါးတို့ ပူဇော်ခြင်းကို မိမိခံရရာ၏။**

**ဂုဏ်ဖြင့်ကြီးမြတ်သောသူတို့အား ရှိခိုးလေ့ရှိသည်ဖြစ်၍ သူတစ်ပါးတို့၏ ရှိခိုးတုံ့ကို မိမိခံရရာ၏။**

**အခြံအရံများခြင်း၊ ကျော်စောခြင်းသို့လည်း ရောက်၏။**

သူ့ကို အရိုအသေ အလေးအမြတ်မပြုသောကြောင့် မိမိကိုလည်း သူတစ်ပါးတို့ အရိုအသေ အလေးအမြတ်မပြုကြောင်းမှာ သတဝမ္မဇာတ်၌ သတဝမ္မလုလင်သည် မြတ်သောဘုရားအလောင်းကို အရိုအသေအလေးအမြတ်မပြုဘဲ အမျိုးကို ပုတ်ခတ်စော်ကား ဆဲရေးမှုအမျိုးမျိုးပြုခဲ့သည်။ နောင်အခါတွင် ဘုရားအလောင်း၏ကျေးဇူးကို ခံလိုပြန်သော် ဘုရားအလောင်းသည် ထိုသူအား အရိုအသေအလေးအမြတ်မပြုတော့ပေ။

ရဟန်းကြီးဝတ္ထု၌ ထိုရဟန်းကြီးသည် အရှင်သာရိပုတြာအား အရိုအသေအလေးအမြတ် ပြုခြင်းမပြုဘဲ မိမိကိုယ်ကို ပလွှားလိုသောကြောင့် မိမိအားများစွာသော ပရိသတ်တို့ အရိုအသေအလေးအမြတ် ပြုခြင်းမခံရသည့်ပြင် ဆဲရေးလိုက်လံခြင်းခံရကာ မစင်တွင်းထဲကျကာ ဆင်းရဲဒုက္ခရောက်ခဲ့ရသည်။

သူ့ကိုမြတ်နိုးတနာ၊ ပူဇော်သက္ကာမပြုသဖြင့် မိမိကိုလည်း သူတစ်ပါးတို့ မြတ်နိုးတနာ ပူဇော်သက္ကာမရှိရာ၌ စဏ္ဍာလဇာတ်တွင် . . .

ဘုရားအလောင်း ဒွန်းစဏ္ဍားသည် ဒိသာပါမောက္ခဆရာထံမှ အချိန်အခါမရွေး သရက်ပင်တို့၌ သရက်သီး သီးစေတတ်သော မန္တန်ကိုရသောကြောင့် ထင်ရှားကျော်စောခဲ့သည်။

ဗာရာဏသီပြည်သားပုဏ္ဏား သူဆင်းရဲတစ်ယောက်သည် ထိုမန္တန်ကို လိုချင်လှ၍ ဘုရားအလောင်းဒွန်းစဏ္ဍားထံ ချဉ်းကပ်ခစားကာ ထိုမန္တန်ကို တောင်းသည်။ ဘုရားအလောင်း ဒွန်းစဏ္ဍားက ထိုပုဏ္ဏားအား မန္တန်ကို ဥပဇာနှင့်တကွ သင်ပေးလိုက်သည်။

ထိုပုဏ္ဏားသည် မန္တန်ကိုရသောအခါတွင် ဗာရာဏသီပြည်သို့သွား၍ မင်းကြီးထံခစားလျက် မန္တန်အစွမ်းပြကာ သရက်ပင်မှအသီးတို့ကို အချိန်အခါမဲ့ သီးစေလျှင် ထင်ရှားကျော်စောခြင်း ဖြစ်ခဲ့သည်။

မင်းကြီးသည် အံ့သြဝမ်းမြောက်စွာဖြင့် ပုဏ္ဏားအား ဤမန္တန်ကို အဘယ်ဆရာထံမှ ရသနည်းဟု မေးလျှင် ပုဏ္ဏားက ငါသည် မန္တန်ကို ဒွန်းစဏ္ဍားထံမှရပါသည်ဆိုက ငါ့အား မင်းကြီးအလေးအမြတ်ပြုမည်မဟုတ် ဟု ယုတ်မာကျေးဇူးကန်းသောစိတ်အကြံဖြင့် အရှင်မင်းကြီး ဤမန္တန်ကို တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာထံမှ ရခဲ့ပါသည်ဟု ဆရာဖြစ်သော ဘုရားအလောင်း ဒွန်းစဏ္ဍား၏ကျေးဇူးကို တိမ်မြုပ်ချေဖျက်၍ ဆိုလေသည်။

ထိုအခါမှစ၍ မန္တန်၏အာနုဘော်တို့ ကွယ်ပျောက်သွားကာ နောင်အခါတွင် သရက်ပင်တို့၌ အသီးသီးစေအောင် မည်မျှပင်မန္တန်ရွတ်သော်လည်း မသီးတော့။ အချည်းနှီးဖြစ်သည်ကို မင်းကြီးသိ၍ ပညာရှိသောမင်းကြီးသည် ဤပုဏ္ဏားမိုက်ကား ဆရာကို ပြစ်မှားမိခြင်းကြောင့်

လျှင် ဤမန္တန်အာနုဘော်ကွယ်ပျောက်ခြင်းဖြစ်ရာ၏ဟု ဆင်ခြင်လျက် စစ်မေးသောအခါမှ ဒွန်းစဏ္ဍားထံမှမန္တန်ရခဲ့ကြောင်းနှင့် ဆရာကိုမြတ်နိုးခြင်းမရှိ ပြစ်မှားမိ၍ အာနုဘော်ကွယ်ပျောက်ကြောင်း ထိုပုဏ္ဏားမိုက်က ဝန်ခံခဲ့ရလေသည်။

မင်းကြီးလည်း ဆရာကိုမြတ်နိုးတနာ ပူဇော်သက္ကာရမရှိသော သင်သည် အဘယ်သို့လျှင် သူတစ်ပါးတို့၏ ပူဇော်သက္ကာကို ခံရပါသနည်းဟု မိန့်ကာလွှတ်လိုက်လေသည်။

ပုဏ္ဏားမိုက်သည် ဘုရားအလောင်းနှင့်ဒွန်းစဏ္ဍားထံ တစ်ဖန်သွားပြန်ကာ အကျိုးအကြောင်းပြောပြပြီး ထိုမန္တန်ကိုပင် တောင်းပြန်သည်။ ထိုအခါ ဘုရားအလောင်းနှင့်ဒွန်းစဏ္ဍားသည် ဤသို့သော မသူတော်ခင်ပွန်းပစ်ကို ချစ်သနား၍ ပြုသော်လည်း ထိုသူအကျိုးမြတ်နိုးခြင်းကို မခံရရာ အဖြစ်သာလျှင် ဖြစ်ချေမည်ဟု ဆင်ခြင်လျက် ပုဏ္ဏားလုလင် မျက်စိလုံးဝကွယ်ပြီးလေသည်ကို အဘယ်ဆရာမှ မကုသနိုင်။ သင်ပြန်တော့ ဟု နှင်ထုတ်လိုက်သဖြင့် ပြင်းစွာနှလုံးမသာမယာဖြစ်လျက် တောသို့ဝင်၍ အကျိုးမဲ့ပျက်စီးခဲ့ရသည့် ရှင်ဒေဝဒတ်အလောင်း မိတ္တဒုဗ္ဘိပုဏ္ဏား၏အဖြစ်ကို ရှုမြင်ဆင်ခြင်သင့်လှပါသည်။

" သူတစ်ပါးကို အလေးအမြတ်ပြုသဖြင့် မိမိကို သူတစ်ပါးတို့ အလေးအမြတ်ပြုခြင်းအကြောင်းမှာ . .

တိရိဝစ္ဆဇာတ်တွင် . . ဘုရားအလောင်းသည် တိရိဋိဝစ္ဆအမည်ရှိသော ရသေ့ဖြစ်၍ တောဦးသခ်မ်းဆောက်လျက်နေခဲ့ပါသည်။ ထိုအခါတွင် အရှင်အာနန္ဒာအလောင်းသည် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းဖြစ်ခဲ့သည်။

တစ်ရံရောအခါတွင် ဗာရာဏသီမင်းကြီးသည် ပြည်စွန်ရွာမငြိမ်မသက်သဖြင့် ရန်မီးကိုငြိမ်းစိမ့်သောငှာ စစ်ထွက်ခဲ့ပါသည်။ စစ်မနိုင်ခဲ့၍ မြို့ပြန်မလှရှိချေသဖြင့် တိုက်ဆင်တစ်စီးနှင့် တစ်ကိုယ်တည်း တောနက်ကြီးထဲသို့ ဝင်ရောက်ခိုအောင်းခဲ့ရပါသည်။ မင်းကြီးသည် ရေငတ်မွတ်သိပ်လှလျက် တိရိဋိဝစ္ဆရသေ့နေရာကျောင်းသခ်မ်းသို့ ရောက်လာခဲ့သည်။

ထိုအချိန်တွင် ရှင်ရသေ့သည် တောထဲတွင် သစ်သီး၊ သစ်ဖုအရှာအမှီး သွားခိုက်ဖြစ်၍ ရှင်ရသေ့ကို မင်းကြီးမတွေ့မမြင်၊ ရေအိုးများတွင်လည်း ရေမရှိ၍ ရေမသောက်ရ။ ကျောင်းစင်္ကြံ၌ ရေတွင်းတစ်ခုကို မင်းကြီးတွေ့ရလေရာ ဆင်ပေါ်မှဆင်းပြီး ထိုဆင်လိမ္မာကို ရေတွင်းနား၌ ရပ်စေပြီးလျှင် ဆင်တော်ကုန်းပတ်ကြိုးကိုယူ၍ ဆင်၏ခြေ၌ကြိုးတစ်စကို ချည်လျက်ကြိုးတစ်စကို ရေတွင်းထဲချပြီးနောက် ကြိုးကိုဆွဲ၍ ရေတွင်းထဲသို့ဆင်းသည်။

သို့ရာတွင် မမီမကမ်းဖြစ်နေ၍ ကိုယ်မှပုဆိုးကိုဆက်၍ ဆင်းပြန်ပါသော်လည်း ရေကို

မမီ ဖြစ်သောကြောင့် ရေငတ်မွတ်နေသော မင်းကြီးသည် ပုဆိုးမြိတ်ကို လက်မှဆွဲခိုဲ၍ ကိုယ်ကို ထောက်သောအခါ ရေ၌ခြေဖျားစွတ်ရုံသာထိသဖြင့် ရေမွတ်သိပ်ခြင်း အတန်ငယ်မျှ ပြေပျောက်ပါသော်လည်း ရေသောက်ခြင်းငှာလည်း မတတ်နိုင်။ ကြိုးစဆွဲကာ တန်းလန်းဖြစ်လျက် အားအင်ကုန်ခမ်း၍ အပေါ်သို့လည်း ပြန်မတက်နိုင်။ ယခု ငါကားတစ်ယောက်တည်း သေရတော့မည်ဟု ပင်ပန်းကြီးစွာ ဒုက္ခရောက်နေရရှာသည်ကို ဆင်လိမ္မာကြီးသည် မခွဲခွာသွားဘဲ မင်းကြီးကိုကြည့်လျက် ငြိမ်သက်စွာရပ်နေလေသည်။

ထိုအခိုက်တွင် ရှင်ရသေ့သည် တောမှပြန်လာ၍ မင်းစီးဆင်ကိုမြင်၍ မည်သည့်အကြောင်းဖြစ်သနည်းဟု စုံစမ်းရန် ရေတွင်းအနီးရောက်လေလျှင် ဆင်လိမ္မာကြီးသည် မေတ္တာကရုဏာပြည့်စုံသောရှင်ရသေ့ကိုမြင်၍ ကျေးဇူးဆောင်မည့်သူဖြစ်သည်ဟု ဦးခေါင်းညွတ်ကာနေလေသည်။

ရှင်ရသေ့လည်း ရေတွင်းထဲသို့ကြည့်လျှင် မင်းကြီးဒုက္ခကြီးစွာဖြစ်နေသည်ကိုမြင်၍ 'မင်းမြတ် . . မစိုးရိမ်လင့် . . ငါရှိပြီ ကယ်အံ့' ဟု ဆို၍ လှေကားကိုချပေးပြီး မင်းကြီးကိုတက်စေပြီးမှ အနားယူစေလျက် ကိုယ်လက်ဆုပ်နယ်ပေးခြင်း၊ ရေချိုးခြင်း၊ ဆီဖြင့်လိမ်းသပ်ပေးခြင်း စသည်ဖြင့် ပြုစုစောင့်ရှောက်ပေးသည်။ သစ်သီးဝလံတို့ကို စားစေသည်။ သောက်ရေပေးကာ ပြုစုစောင့်ရှောက်သည်။

မင်းကြီးလည်း ပင်ပန်းနွမ်းနယ်မှု ပြေပျောက်လျှင် အလွန်ကျေးဇူးတင်လှသဖြင့် ရှင်ရသေ့အား မြို့သို့ကြွလာတော်မူရန် တောင်းပန်၍ ရှင်ရသေ့၏ ပဋိညာဉ်စကားကိုရသောအခါတွင် ပြည်သို့ပြန်ခဲ့ပါသည်။

တစ်နေ့သောအခါတွင် ရှင်ရသေ့သည် မင်းကြီးအား လာမည်ဟု ပဋိညာဉ်စကားမိန့်ခဲ့သည်ဖြစ်၍ ချဉ်၊ ဆား မှီဝဲရန် ဗာရာဏသီပြည်သို့ကြွ၍ မင်းကြီးနန်းတော်သို့ဝင်လေသည်။ ရှင်ရသေ့ကိုမြင်လျှင် မင်းကြီးသည် လွန်စွာဝမ်းမြောက်ရွှင်လန်းစွာဖြင့် ရှိလေလေးမြတ်စွာ ရာဇပလ္လင်ထက်၌ ရှင်ရသေ့ကို နေစေသည်။ ပူဇော်သက္ကာရကြီးစွာပြုသည်။

ထိုပြင် မင်္ဂလာဥယျာဉ်တော်၌ ရှင်ရသေ့နေသန့်ရာ၊ ညဉ့်သန့်ရာ ကျောင်းအဆောင်ဆောက်၍ ပူဇော်ရုံမျှမက ရှင်ရသေ့အလိုရှိပါက ထီးနန်းစည်းစိမ်ကိုပင် ပေးလှူလိုခြင်းဖြင့် အားမရနိုင်အောင် ချီးမြှောက်ပူဇော်ကိုးကွယ်မှုကို ခံရကာ ရှင်ရသေ့သည် မင်းကြီးအား အလေးအမြတ်ပြုဖူးခဲ့သော ကျေးဇူးတံ့ကို ခံခဲ့ရပါသည်။

သူ့ကို ပူဇော်သက္ကာရပြုသဖြင့် မိမိကို သူတစ်ပါးတို့ ပူဇော်ခြင်းခံရပုံမှာ အသာရောပဟ ဇာတ်တွင် စစ်ရေးမလှသော မင်းကြီးသည် မြင်းတစ်စီးဖြင့် တစ်ကိုယ်တည်း တိမ်းရှောင်ခဲ့ရာ

တွင် ရွာငယ်တစ်ခုသို့ ရောက်လာခဲ့ပါသည်။

မင်းကြီးအား ထိုရွာသားသူကြွယ်၊ သမီး၊ ခင်ပွန်းမိသားစုတို့သည် ပြည့်ရှင်မင်းဟု မသိ၊ မြင်းစီးသူရဲအမှတ်ဖြင့်ပင် ရေလးမြတ်ကြွင်နွာစွာ မိမိတို့အိမ်၌ နေစေ၍ပြုစုခြင်း၊ အဝတ်အစား တို့ဖြင့် ပူဇော်ချီးမြှောက်ခြင်းကို ပြုခဲ့လေသည်။

ထိုကျေးဇူးကြောင့် မင်းကြီးသည် သူကြွယ် သမီး ခင်ပွန်းတို့ နန်းတော်သို့လာရောက်သော အခါတွင် မင်းကြီးသည် မိဖုရားကြီးကိုခေါ်၍ နံ့သာရည်ပြည့်သောရွှေဖလားဖြင့် သူကြွယ်၏ ခြေကို ဆေးစေခြင်း၊ ယပ်လေခပ်စေခြင်း၊ မင်းကြီး၏ကျက်သရေကို ယူစေခြင်းတို့ဖြင့် ကြီးကျယ်စွာ ချီးမြှောက်ပူဇော်လျက် မြို့ကိုထက်ဝက်ပေး၍ မင်းပြိုင်ပြုလေခြင်းတို့ဖြင့် ကျေးဇူးတုံ့ပြန်ခြင်းခံခဲ့ရပါသည်။

ကြီးမြတ်သောသူတို့အား ရှိခိုးကျိုးနွံခြင်းရှိသဖြင့် မိမိကိုသူတစ်ပါးတို့ ရှိခိုးခံရသောအဖြစ်ကို စိတ္တသူကြွယ်သည် ခံခဲ့ရပါသည်။

**(၇) ရထားမှူး . . . အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား၊**

**ထိုမပြစ်မှားသောသူသည် မီးတောက်မီးလျှံကဲ့သို့ အခြံအရံ စည်းစိမ်အရှိန်အစော် ဖြင့် တောက်ပရာ၏။**

**တန်ခိုးကြီးသောနတ်ကဲ့သို့ ကျက်သရေဖြင့် တင့်တယ်၏။**

**ဘုန်းကျက်သရေမှ မစွန့်သည်ဖြစ်၏။**

အဆွေခင်ပွန်းကို ပြစ်မှားခြင်းကြောင့် အရှိန်အစော်မရှိခြင်း၌ . . .

မဟောသဓာသုခမိန်ကို ပြစ်မှားမိခြင်းကြောင့် သိန်းအမတ်စသူတို့သည် မျောက်ဖြူသဖွယ် အရှက်ကွဲ အကျိုးနည်းလျက် လက်ရကျွန်ဟူသောအဖြစ် ရောက်ခဲ့ရပါသည်။

မတင့်တယ်သောအဖြစ်သို့ရောက်ရာ၌ ဝဂ္ဂိတ္တရလုလင်သည် ဥဒုမ္ဗရဒေဝီကို ပြစ်မှားမိခြင်းကြောင့် မတင့်မတယ် ကဲ့ရဲ့ရှုတ်ချဖွယ်အဖြစ် ရောက်ခဲ့ရပါသည်။

ကျက်သရေစွန့်ခြင်းအဖြစ်ရောက်ရာ၌ ရှင်ဒေဝဒတ်၊ သုနက္ခတ္တ၊ မာဂဏ္ဍီစသော အဆွေခင်ပွန်းကြီးဖြစ်သော မြတ်စွာဘုရားရှင်အား ပြစ်မှားမိသူတို့အဖြစ်ကို ထောက်ရှုဆင်ခြင်သိမြင်နိုင်ပါသည်။

အဆွေခင်ပွန်းကို မပြစ်မှားခြင်းကြောင့် ပုဏ္ဏသူဌေးသည် မီးတောက်မီးလျှံကဲ့သို့ အရှိန်အစော်တောက်ပခဲ့ပါသည်။

နတ်ကဲ့သို့ တင့်တယ်ခြင်းရှိရာ၌ ပုဗ္ဗာရုံကျောင်း ဒါယိကာမ ဝိသာခါသည် ငယ်စဉ်အခါမှ

စ၍ အသက်တစ်ရာနှစ်ဆယ်တိုင် ဆန်းသစ်သောလကဲ့သို့ တစ်နေ့တခြား တိုးပွားများမြတ်သော အစိုးရခြင်း၊ စည်းစိမ်၊ အခြံအရံတို့ဖြင့် နတ်ကဲ့သို့တင့်တယ်ခြင်းရှိခဲ့ပါသည်။

ကျက်သရေကို မစွန့်ခြင်းအဖြစ်၌ အစဉ်ကျက်သရေတည်သော အနာထပိဏ်သူဌေး၏ အကြောင်းခြင်းရာကို ထောက်ရှုသိရှိနိုင်ပါသည်။

**(ဂ) ရထားမှု ... အကြွင်းသူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။**

**ထိုအဆွေခင်ပွန်းမပြစ်မှားသောသူအား နွား၊ ကျွဲ၊ ဆင်၊ မြင်း၊ ကျွန်၊ အမှုလုပ်အစ ရှိသော အစေအပါးအခြံအရံတို့သည် ပွားများကုန်၏။**

**လယ်မြေ၌ ပစ္စုပ္ပန်သံသရာအကျိုးငှာ ပြုအပ်သမျှသော သမယခေတ်၌ စိုက်ပျိုးအပ် သော စပါးမျိုးသည် (ဝါ) စိုက်ပျိုးပြုစုဆောင်ရွက်အပ်သော အမှုအရေ အကျိုးပေး မျိုးစေ့ဟူသမျှသည် မနှောင့်မယှက် တက်ဖြိုးစီးပွား၏။**

**– စိုက်ပျိုးအပ်သော စပါးပင်တို့၏ (ဝါ) စိုက်ပျိုးပြုစုအမှုအရေး၊ အကျိုးပေးဟူသမျှ တို့၏ အသီးကို (ဝါ) ချမ်းသာကောင်းကျိုးကို သုံးဆောင်ခံစားရ၏။**

အဆွေခင်ပွန်းကိုပြစ်မှားမိခြင်းကြောင့် ဥစ္စာဆုံးပါးခြင်း၊ မိမိကြံဆောင်တိုင်း အလိုမပြည့် ခြင်းအပြစ်၌ မစ္ဆဒါနဇာတ်တွင် အစ်ကိုဖြစ်သူ ဘုရားအလောင်းအား ပြစ်မှားမိသော ကုန်သည် စဉ်းလဲ၏အဖြစ်နှင့် အဆွေခင်ပွန်းတို့အား မပြစ်မှားသော အစ်ကိုဘုရားအလောင်းအား ဆုံး ပြီးသောဥစ္စာထုပ်ကို လံ့လမပြုရဘဲ တစ်ဖန်ပြန်ရခြင်း၊ အလိုတိုင်းသော ကောင်းကျိုးချမ်းသာ ပြည့်စုံခြင်းတို့ ဖြစ်ခဲ့ပါသည်။

တိကနိပါတ် မစ္ဆုဒ္ဒါနဇာတ် ...

ရှေးအခါက ညီအစ်ကိုနှစ်ယောက်တို့သည် ရွာတစ်ရွာသို့ ကုန်သွယ်သွားခဲ့ကြသည်။ တစ် ထောင်သောဥစ္စာကို ရခဲ့ကြ၍ ပြန်ခဲ့ကြပြီး မြစ်ဆိပ်၌လှေကိုဆိုက်ကာ ထမင်းစားကြသည်။

အစ်ကိုဖြစ်သူသည် ထမင်းစားကြွင်းကို ဂင်္ဂါမြစ်ထဲသို့ချကာ ငါးတို့အား ကျွေး၍မြစ်စောင့် နတ်ကို အမျှဝေသည်။ မြစ်စောင့်နတ်သည် ဝမ်းမြောက်စွာ သာဓုခေါ်ဆိုရ၍ မိမိတို့စည်းစိမ် တိုးပွားသည်ကို အလေးဂရုပြု၍ သိမှတ်ထားသည်။

ထမင်းစားပြီးနောက် သောင်ပြင်၌ ခဏမျှအိပ်စက်နားနေစဉ် ညီဖြစ်သူသည် ကောက်ကျစ် စဉ်းလဲသောသဘောဖြင့် တစ်ဦးတည်းသာ ဥစ္စာထုပ်ကို အပိုင်ကြံလို၍ ဥစ္စာထုပ်နှင့်အလားတူ စွာ ကျောက်စရစ်ခဲတို့ကိုထုပ်လျက် ထိုအထုပ်နှစ်ခုကို အတူထားခဲ့လေသည်။

လှေဖြင့်ကူးကြ၍ မြစ်လယ်အရောက်တွင် စဉ်းလဲသောညီကုန်သည်သည် လှေကိုလှုပ်လျက်

ကျောက်ခဲထုပ်ကို ချအံ့ဟု ချသောအခါ မှား၍ဥစ္စာထုပ်ကိုချလိုက်မိပြီး ကျောက်ခဲထုပ်ကို ချလိုက်သည်ဟု ထင်နေသည်။ ပြီးလျှင် 'အစ်ကိုလှေလှုပ်၍ ဥစ္စာထုပ်ရေထဲသို့ကျသွားလေပြီ' ဟု ဝမ်းနည်းဟန်ဆိုသည်။ အစ်ကိုက 'ညီငယ်ရေသို့ကျသွားသည်ကို အဘယ်သို့တတ်နိုင်တော့မည်နည်း။ ဝမ်းမနည်းလင့်'ဟု ဆိုကာ မိမိတို့အိမ်သို့ အသီးသီးပြန်ခဲ့ကြလေသည်။

စဉ်းလဲသော ညီကုန်သည်သည် အစ်ကိုအား လှည့်စားနိုင်ခဲ့သည်ကို ကျေနပ်လျက် အိမ်သို့ပြန်ရောက်သောခါ၌ အထုပ်ကိုဖြေကြည့်လိုက်ရာတွင် ကျောက်စရစ်ထုပ်ဖြစ်နေသည်ကိုသာ တွေ့ရ၍ နှလုံးမသာ စိတ်ဆင်းရဲခြင်းကြီးစွာဖြစ်လျက် အိပ်ရာသို့လဲလျောင်းသာနေတော့သည်။

သို့သော် ဥစ္စာထုပ် ရေထဲသို့ကျစဉ်တွင် မြစ်စောင့်နတ်သည် ကျေးဇူးတုံ့ပြုအံ့ဟု ဥစ္စာထုပ်ကို ငါးကြီးတစ်ကောင်အားမျိုစေ၍ တံငါတို့ကွန်ပစ်သောအခါတွင် ထိုငါးကို မိစေခဲ့လေသည်။

တံငါတို့က ထိုငါးကြီးကို အဖိုးတစ်ထောင့်ခုနစ်ပဲဆိုကြ၍ မည်သူမျှမဝယ်ဘဲ ပြက်ရယ်ပြုကြလေသည်။ အစ်ကိုအိမ်သို့ရောက်သောအခါတွင် ခုနစ်ပဲဖြင့်သာရောင်းသွားကြသည်။

အစ်ကိုဖြစ်သူ ကုန်သည်သည် ငါးကိုဝမ်းဖိုက်ခွဲသည့်အခါတွင် ဥစ္စာထုပ်ကိုတွေ့၍ မိမိတို့ဥစ္စာဖြစ်ကြောင်းသိပြီး ဤငါးကို အခြားနေရာ၌ အသပြာတစ်ထောင့်ခုနစ်ပဲဖြင့်ဆို၍ မိမိကိုကား ခုနစ်ပဲမျှဖြင့်သာ ရောင်းသွားခြင်း၊ မိမိတို့၏ဥစ္စာရင်းကိုပြန်ရခြင်းတို့မှာ ထူးဆန်းလှသဖြင့် အဘယ်ကိုမှီ၍ဖြစ်သနည်းဟု ဆင်ခြင်လေသည်။

ထိုအခါတွင် မြစ်စောင့်နတ်သည် ကောင်းကင်၌ထင်ရှားစွာပြလျက် ကျေးဇူးတုံ့ပြန်သည့်အကြောင်းကိုပြန်ပြောပြပြီးလျှင် ကောက်ကျစ်စဉ်းလဲသော ညီသူခိုးအား ဝေစုကိုမပေးနှင့်ဟု ဆိုလေ၏။

သို့သော် ဖြောင့်မှန်သောအစ်ကိုသည် မပေးဘဲမနေ။ ညီ၏ဝေစုအသပြာငါးရာကို ပေးပို့လိုက်သည်သာတည်း။

ဇာတ်ပေါင်းသော် ညီသည် စဉ်းလဲသောကုန်သည်ဖြစ်၍ အစ်ကိုသည် ဘုရားဖြစ်လာသတည်း။

(၉) အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား၊

ထိုမပြစ်မှားသောသူသည် မြင့်သောတောင်ကမ်းပါးပြတ်မှလည်းကောင်း၊ မြင့်သောသစ်ပင်ထက်မှလည်းကောင်း ကျသော်လည်း တည်ရာကိုရ၏။

ကျ၍စုတေရသော်လည်း တမလွန်ဘဝ၌ သုဂတိတည်းဟူသော တည်ရာကိုးကွယ်ရာကို ရ၏။

အဆွေခင်ပွန်းကို ပြစ်မှားမိခြင်းကြောင့် တစ္ဆုပ္ပန်ဘဝ၌ ကိုးကွယ်ရာရခြင်း၊ မရခြင်းအကြောင်းမှာ . . စူဠပဒုမဇာတ်၌ လက်ဖျား၊ ခြေဖျားတို့ကိုဖြတ်၍ မင်းဒဏ်ပေးခံရကာ မြစ်တွင် အမျှောခံခဲ့ရသော ဒေဝဒတ်အလောင်း သူယုတ်မာနှင့်ပေါင်းဖော်မိရာ ကန္တာရခရီးတွင် ရေငတ်ရာတွင် သွေးတော်ကိုထုတ်၍ပေးခြင်း စသည်ဖြင့် ကျေးဇူးကြီးမားလှသော ငယ်လင်ဖြစ်သည့် ဘုရားအလောင်း မဟာပဒုမမင်းသားအား ကမ်းပါးပြတ်မှ မာယာဖြင့်လုပ်ကြံ၍ တွန်းချပြစ်မှားသော စိဉ္စမာဏဝိကာမည်သော ပတိဒေဝတာအမည်ရှိသော သူယုတ်မာမသည် မျက်မှောက်ဘဝမှာပင် တစ်စုံတစ်ခုသော ကိုးကွယ်ရာကိုမျှ မရခြင်းအဖြစ် ရောက်ခဲ့ရပါသည်။

အဆွေခင်ပွန်းတို့အား မပြစ်မှားခြင်းကြောင့် ဘုရားအလောင်းမဟာပဒုမမင်းသားသည် ထိုပတိဒေဝတာမည်သော စိဉ္စမာဏဝိကာအလောင်း သူယုတ်မာမက တောင်ကမ်းပါးပြတ်မှ တွန်းချလုပ်ကြံခံရပါသော်လည်း ကိုးကွယ်ရာမဲ့မဖြစ်ဘဲ တောင်စောင့်နတ်က ဆီးကြိုခံလင့်ခြင်း ခံရပါသည်။

ထိုနတ်လက်မှ လွတ်သောအခါ၌ နဂါးမင်းက ဆီးကြိုခံလင့်လျက် နဂါးပြည်သို့ဆောင်၍ တစ်နှစ်ပတ်လုံးစံခဲ့ပြီးမှ လူ့ပြည်သို့ပြန်ပို့သောအခါ ဗာရာဏသီပြည်၌ မင်းပြုခဲ့ရပါသည်။

ထိုမှတစ်ပါး ပင်လယ်သမုဒ္ဒရာ၌ သင်္ဘောနစ်မြုပ်၍ သင်္ဘောသားအပေါင်းတို့ ပျက်စီးသောအခါ၌ အမိကိုထမ်းလျက်ကူးသော ဘုရားအလောင်းကဋ္ဌဝါဟဏလုလင်သည် ခင်ပွန်းမပြစ်မှားသောကြောင့် ကိုးကွယ်ရာရ၍ ချမ်းသာရခဲ့ပါသည်။

လင်ကို အရိုအသေလုပ်ကျွေးခြင်းကြောင့် တိုင်းတစ်နိုင်ငံမှလင်၏နောက်သို့ လိုက်ပါခဲ့သော တက္ကသိုလ်ပါမောက္ခဆရာကြီး၏သမီးသည် မိထိလာပြည်သို့ရောက်သောအခါ လင်ဖြစ်သူ ပိင်္ဂုတ္တရလုလင်ကစွန့်ပစ်၍ ကိုးကွယ်ရာမဲ့အောင်ပြုလေသော်လည်း လင်၌ပြစ်မှားခြင်းမရှိသောကြောင့် ကိုးကွယ်ရာမဲ့မဖြစ်ဘဲ မင်း၏မိဖုရားကြီးအရာဖြင့် အချီးအမြှောက်ကိုခံရလေကာ ဥဒုမ္ဗရဒေဝီမိဖုရားကြီးဟူ၍ ထင်ရှားခဲ့ပါသည်။

အဆွေခင်ပွန်းဖြစ်သော သုတသောမမင်းကို မပြစ်မှားခြင်းကြောင့် ဇာတ်တူလူသားကို စားလေ၍ပြည်မှနှင်ထုတ်ခံခဲ့ရသောပေါရိသာဒမင်းသည် ယုတ်လျော့ပြီးသောကိုယ်အဖြစ်မှ မြင့်မြတ်သောစည်းစိမ်သို့ ပြန်ရခဲ့သောအဖြစ်သို့ရောက်ကြောင်း မဟာသုတသောမဇာတ်၌ ပြဆိုပါသည်။

တောင်ကမ်းသစ်ပင်တို့မှ လျှောကျ၍ အထောက်အပံ့မရသောကြောင့် သေရမည်ဖြစ်ပါသော်လည်း တမလွန်၌ ကိုးကွယ်ရာရခြင်း၊ မရခြင်းမှာ ခန္တိဝါဒီရှင်ရသေ့ကို ကြမ်းတမ်းယုတ်မာ

စွာ ပြစ်မှားမိသော ကာလာဗုမင်းသည် ထိုအပြစ်ကြောင့် မဟာပထဝီမြေကြီးသည် ထိုသူ၏ ဖဝါးနင်းခြင်းကို မခံလိုတည်ရာကို မပေးသကဲ့သို့ မြေဟင်းလင်းပွင့်လျက် အဝီစိမီးလျှံသို့ကျရောက်ခဲ့ရလေသည်။

ခင်ပွန်းစစ်ဖြစ်သော ကိသဝစ္ဆရှင်ရသေ့အား ပြစ်မှားမိခြင်းကြောင့် ဒဏ္ဍကီမင်းအစရှိသည်တို့သည် ကြီးစွာသောလက်နက်မိုး၊ သဲမိုးရွာ၍ ကိုးကွယ်ရာမရ ပျက်စီးလျက် ငရဲသို့ကျရောက်ခဲ့ရပါသည်။

အဆွေခင်ပွန်းအား ပြစ်မှားခြင်းကြောင့် စေတိယမင်းသည် ပုရောဟိတ်သားနှစ်ယောက်တို့တွင် အကြီးကိုအငယ်၊ အငယ်ကိုအကြီးဟု မုသာဝါဒဆိုလေသောကြောင့် မြေမျိုခြင်းခံရပြီးနောက် တမလွန်၌ကိုးကွယ်ရာမရှိသည် ဖြစ်ခဲ့ရပါသည်။

အဆွေခင်ပွန်းတို့အား ပြစ်မှားခြင်းမရှိသော ခန္တိဝါဒီရှင်ရသေ့၊ ကိသဝစ္ဆရှင်ရသေ့တို့သည် တမလွန်၌ဗြဟ္မာ့ပြည်သို့လားရောက်ရကာ ကိုးကွယ်ရာရသည်အဖြစ်ရခဲ့ပါသည်။

**(၁၀) ရထားမှူး . . . အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှား။**

**ထိုမပြစ်မှားသောသူကို တက်ပွားရွှန်းမြိုင်ခိုင်ခံ့ခြင်းအကြောင်း ကောင်းစွာမြစ်သေးမြစ်မ ခိုင်ခံ့မြဲမြံလျက် တည်ခြင်းရှိသော ပညောင်ပင်ကို လေဆိုးမုန်တိုင်းသည် မညွှင်းဆဲနိုင်သကဲ့သို့ ထို့အတူ မချစ်မနှစ်လိုသော သူတို့သည် မညှင်းဆဲနိုင်ကုန်။**

အဆွေခင်ပွန်းကို ပြစ်မှားခြင်းကြောင့် အပြစ်ရောက်၍ ရန်သူတို့နှိပ်စက်နိုင်ပုံမှာ ကဏှဒီပါယနရှင်ရသေ့ကိုပြစ်မှားမိသော ဝါသုဒေဝ၊ ဗလဒေဝစသော မင်းညီနောင်တစ်ကျိပ်တို့သည် ပြည်စည်းစိမ်နှင့်တကွ ပျက်စီးခဲ့ရသည်။ ထို့ပြင် ရန်သူဖြစ်သော ဘီလူးသည် ကျွဲရိုင်းအသွင်ဖန်ဆင်း၍ခတ်သဖြင့် ဗလဒေဝမင်းသည် အသက်ဆုံးခြင်းအဖြစ် ရောက်ခဲ့ရပါသည်။

အဆွေခင်ပွန်းကို မပြစ်မှားခြင်းကြောင့် ရန်သူတို့မနှိပ်စက်နိုင်ပုံမှာ အရှင်သောမဏာရေ်အား ပူဇော်လေ့ရှိသော ဒါယကာအိမ်ကို ခိုးအံ့ဟု ဝင်သောသူခိုးသည် မခိုးဝံ့ဘဲ ဒါယကာအား ဥစ္စာတည်လျက် ခိုးသူ၏နှိပ်စက်ခြင်း မခံရသည်ဖြစ်ခဲ့ပါသည်။

အဆွေခင်ပွန်းကို မပြစ်မှားခြင်းကြောင့် မာဃလုလင်အား မစလရွာသူကြီးသည် မင်းကြီးထံ ကုန်းချောလျက် နှိပ်စက်ရန်ကြံစည်အားထုတ်သော်လည်း ပြစ်မှားခြင်းမရှိသော ဘုရားလောင်းမာဃလုလင်ကို ပျက်စီးစေလိုသော ရွာသူကြီးသည်လည်းကောင်း၊ မင်းသည်လည်းကောင်း ပျက်စီးအောင်မပြုနိုင်ခဲ့သည်ဖြစ်ပါပေသတည်း။

ဘုရားအလောင်းတော် တေမိမင်းသည် ရဲရင့်သာယာစွာသော တရားအသံဖြင့်လည်းကောင်း၊ ထိုအရပ်၌ရှိကုန်သော ဘုမ္မစိုး၊ ရုက္ခစိုးနတ်တို့၏ ကောင်းချီးပေးသံဖြင့်လည်းကောင်း ထက်ဝန်းကျင်တောအရပ်ကို ပဲ့တင်ထပ်စေလျက် မိတ္တပူဇာ ဆယ်ဂါထာကို ရထားမှူးသုနန္ဒာအား ဟောမိန့်တော်မူခဲ့ပါသည်။

## ခင်ပွန်းကြီးအစစ် ကလျာဏမိတ္တ မိတ်ဆွေကောင်းကို ပေါင်းဖော်ယှဉ်တွဲမှီဝဲဆည်းကပ်ပါ။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း သက္ကရမည်သော သာကီဝင်မင်းတို့၏နိဂုံး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားကိုရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကိုလျှောက်ထားပါသည်။

အရှင်ဘုရား . . . မိတ်ဆွေကောင်းရှိသည်၏အဖြစ် အပေါင်းအသင်းကောင်းရှိသည်၏အဖြစ်၊ မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းသည်၏အဖြစ်သည် အကျင့်မြတ်ကို ထက်ဝက်ပြီးစေနိုင်ပါ၏ဟူ၍ လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားရှင်က ဤသို့မိန့်ကြားတော်မူပါသည်။

"အာနန္ဒာ . . . ဤသို့မဆိုလင့်၊ အာနန္ဒာ ဤသို့မဆိုလင့်၊ အာနန္ဒာ မိတ်ဆွေကောင်းရှိသည်၏အဖြစ်သည် အကျင့်မြတ်ကို အလုံးစုံပင်ပြီးစေနိုင်၏" ဟူ၍ မိန့်ကြားတော်မူခဲ့ပါသည်။

ထို့အတူပင် အရှင်သာရိပုတြာအားလည်း မိတ်ဆွေကောင်းရှိသည်၏အဖြစ်၊ အပေါင်းအသင်းကောင်းရှိသည်၏အဖြစ်၊ မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းခြင်းရှိသည်၏အဖြစ်သည် အကျင့်မြတ်ကို အလုံးစုံပင်ပြီးစီးစေနိုင်၏ဟု မိန့်ကြားတော်မူခဲ့ပါသည်။

သို့ဖြစ်၍ ခင်ပွန်းစစ်ဖြစ်သော မိတ်ဆွေကောင်းဖြစ်၍ ခင်ပွန်းကြီးဆယ်ပါး၌ အဝင်အပါဖြစ်စေနိုင်သော မိတ်ဆွေကောင်းတို့ကို ဆည်းကပ်ပေါင်းသင်းလေးမြတ်ပူဇော်နိုင်ရန် မိတ်ဆွေကောင်းနှင့် မိတ်ဆွေယုတ်တို့၏သဘောလက္ခဏာတို့ကို တင်ပြလိုပါသည်။

ခင်ပွန်းကြီးအစစ်ကလျာဏမိတ္တ မိတ်ဆွေကောင်းကို

ပေါင်းဖော်ယှဉ်တွဲမှီဝဲဆည်းကပ်ပါ။

## သုတ်ပါထေယျပါဠိတော် သိင်္ဂါလောဝါဒသုတ်
## လူ့ဝိနည်း (ခေါ်) ဂိဟိဝိနယလာ
## မိတ်ဆွေစင်ပွန်းပေါင်းသင်းဆက်ဆံရေး

### ပါပမိတ္တ - မိတ်ဆွေယုတ်ကို ပေါင်းဖော်ရခြင်း အပြစ် (၆) ပါး။

၁။ ဓုတ္တ - ကြွေအံလောင်းကစားကြူးသူ။
၂။ သောဏ္ဍ - မိန်းမကြူးသောသူ။
၃။ ပိပါသာ - သေသောက်ကြူးသောသူ။
၄။ ကေထိက - အတုပြု၍လှည့်ပတ်တတ်သောသူ။
၅။ ဝဥ္စန - ဥပါယ်တံမျဉ်ပြု၍လှည့်ပတ်တတ်သောသူ။
၆။ သဟာသိက - အနိုင်အထက် လုယူဖျက်ဆီးတတ်သောသူ။

ဤခြောက်ယောက်သောသူတို့သည် ပါပမိတ္တတို့မည်ပါသည်။ ထိုပါပမိတ္တ မိတ်ဆွေယုတ်တို့နှင့်ပေါင်းဖော်ဆက်ဆံလေ့ရှိသောသူတို့သည် ချမ်းသာစီးပွားပျက်ပြားတတ်သည်ဖြစ်၍ ထိုမိတ်ဆွေယုတ်တို့ကိုဝေးစွာရှောင်ရှားသင့်လှပါသည်။

### မိတ်တု (၁၆) ပါး၊ မိတ်စစ် (၁၆) ပါး

လောက၌ ပေါင်းသင်းဆက်ဆံကြကုန်သော မိတ်ဆွေတို့တွင် မိတ်ဆွေတုနှင့်မိတ်ဆွေစစ်ဟူ၍ နှစ်မျိုးနှစ်စားကွဲပြားခြားနားပါသည်။ ထိုနှစ်စားတို့တွင် မိတ်ဆွေစစ်ကိုသာလျှင် ပေါင်းသင်းဆက်ဆံသင့်၍ မိတ်ဆွေတုတို့အား ရှောင်ရှားသင့်ပါသည်။

## မိတ်ဆွေယုတ်၊ မိတ်ဆွေတု (၄) ယောက်

၁။ အညဒတ္ထုဟာရမိတ် - လက်ဆောင်မပါ ကိုယ်ချည်းလာ၍ ဥစ္စာကိုယူသောသူ။ (မိမိကို ပေးကမ်းထောက်ပံ့မည့်သူမဟုတ်၊ မိမိထံမှသာ ယူမည့်သူ ကိုယ်ကျိုးရှာသမားသက်သက်သာဖြစ်သည်)

၂။ ဝစီပရမမိတ် - နှုတ်ဖြင့်သာ ပေးတတ်သောမိတ်ဆွေ။ (ပေးကမ်းမှု၌လက်မပါ။ ပါးစပ်ပြောသာကောင်းသောသူ)

၃။ အနုပိယဘာဏီမိတ် - ရှေ့မှောက်တွင်သာ ချစ်ခင်ယောင်ပြု၍ အလိုက်သင့် ဟန်ဆောင်သူ။

၄။ အပါယသဟာယမိတ် - ယုတ်မာသော မကောင်းမှုတို့၌သာ အဖော်အပေါင်းဖြစ်သူ။

ဤလေးယောက်သောသူတို့သည် အကျိုးစီးပွားမဲ့ကိုသာလျှင် ဖြစ်စေတတ်ပါသည်။ အဆွေခင်ပွန်းအစစ်မဟုတ်ကြပါ။ ခင်ပွန်းတု၊ ခင်ပွန်းယုတ်များဖြစ်၍ ခင်ပွန်းယောင်ဆောင်သော မိတ်တုများဖြစ်ကြ၍ ဝေးစွာရှောင်ရှားအပ်ပါသည်။

## ထိုမိတ်ဆွေယုတ်၊ မိတ်ဆွေတု (၄) ယောက်တွင် တစ်မျိုး၌ (၄) မျိုးစီပြားပုံ

### (၁) အညဒတ္ထုဟာရ မိတ်ဆွေတု၏ လက္ခဏာ (၄) ပါး။

၁။ အညဒတ္ထုဟာရမိတ် - ပေးမည်ဟု မကြံ၊ ရတိုင်းသာလျှင် ဆောင်ယူသူ။
၂။ ဗဟုကာရမိတ် - အနည်းငယ်မျှပေး၍ များများယူတတ်သောသူ။
၃။ ဘယမိတ် - မလွှဲသာလှမှကိစ္စကို ဆောင်ရွက်ပေးတတ်သူ။
၄။ သောကမိတ် - မိမိအကျိုးကိုငဲ့၍သာ ပေါင်းသင်းတတ်သူ။

ဤလေးယောက်သောသူတို့သည် အညဒတ္ထုဟာရမိတ်ဆွေယုတ်၊ မိတ်ဆွေတုများဖြစ်၍ သတိပြုဆက်ဆံလျက် ရှောင်ကြဉ်သင့်ပါသည်။

* ဆောင်ပုဒ်။ ။ လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်သာ၊ များစွာလိုရှိ၊ ဘေးထိရောက်ခါ၊ ပြုလာတုံဘိ၊ မိမိကျိုးငှာ၊ မှီလှာပေါင်းယှဉ်၊ လေးယောက်စဉ်ကား၊ အညဒတ္ထုဟာရတည်း။ (ဆရာတော်ဦးဗုမ်)

### (၂) ဝစီပရမမိတ်ဆွေတု၏ လက္ခဏာ (၄) ပါး

၁။ အတီတ - အတိတ်နှင့်လောကွတ်ပြုတတ်သူ။
၂။ အနာဂတ - အနာဂတ်နှင့်လောကွတ်ပြုတတ်သူ။
၃။ နိရတ္ထက - အချည်းနှီးလောကွတ်စကားဖြင့် ချီးမြှောက်သောသူ။
၄။ ပစ္စုပ္ပန္န - ဖြစ်ဆဲကိစ္စတို့၌ ပျက်စီးခြင်းကိုပြသောသူ။

မိတ်ဆွေဖြစ်သူက ချေးငှားသည့်အခါ၌ပြီးခဲ့တဲ့ ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းတုန်းကဆို ကူညီ

နိုင်မှာ။ အဲဒီတုန်းက အကူအညီပေးချင်တာ ဘာမှမပြောလို့ မကူညီခဲ့ရဘူး။ အခုမရှိမှပြော တော့ မကူညီနိုင်လို့ စိတ်မကောင်းပါဘူး စသည်ဖြင့် မပေးလို၊ မချေးလို၍ လှီးလွှဲကာ အတိတ်နှင့်လောကွတ်ပြုတတ်သူ။

ရှိလျက်နှင့်မပေးလို၍ ယခုမရှိခိုက်မှာ ကြုံရလေခြင်း၊ မပေးရလေခြင်း၊ နောင်ရှိသောအခါ လာခဲ့ပါဟု အနာဂတ်နှင့်လောကွတ်ပြုတတ်သူ။

ထိုသူ၌ဥစ္စာပစ္စည်းပြည့်စုံ၍ အကူအညီမလိုသောအခါ ငါ့မှာငွေရှိတယ်။ လိုရင်ပြောပါဆို၍ လိုအပ်သောကြောင့် အကူအညီတောင်းသည့်အခါတွင် လှီးလွှဲပြောဆို၍ မကူညီ မပေး။ မစားနိုင်သောအခါတွင် စားပါ စားပါပြော၍ အကြောင်းကိစ္စရှိလျှင် ကူညီမည့်ဟန်ဆို၍ အကြောင်းကိစ္စရှိလျှင် တစ်မျိုးမျိုး လှီးလွှဲအကြောင်းပြရှောင်ရှား၏။ အကြောင်းကိစ္စပြီးသွားသည့်အခါမှ ငါတို့မရှိတုန်းဖြစ်လို့ မကူညီရလေခြင်းဟု အချည်းနှီးလောကွတ်စကားဖြင့် ချီးမြှောက်သောသူ။

မိတ်ဆွေအားကူညီရန် အကြောင်းရှိလျှင် ခေါင်းကိုက်လေဟန်၊ ဝမ်းနာလေဟန်၊ စီးပွား ပျက်လေဟန်၊ ရှောင်လွှဲဟန်ဆောင်၍ ဖြစ်ဆဲကိစ္စတို့၌ ပျက်စီးခြင်းကို ပြသောသူ။

ဤလေးယောက်သောသူတို့သည် နှုတ်ဖြင့်သာအတိုင်းအရှည်ရှိသော ဝစီပရမမိတ်ဆွေ ယုတ်၊ မိတ်ဆွေတုတို့သာဖြစ်၍ သတိပြုဆက်ဆံရှောင်ကြဉ်သင့်ပါသည်။

* **ဆောင်ပုဒ်**။ ။ ရှေ့ဖြင့်စေ့စပ်၊ တထပ်နောက်မှီး၊ ချည်းနှီးသဂြိုဟ်၊ ပေးလိုစဟန်၊ ပစ္စုပ္ပန်မူ၊ ပြည္သွန်ပျက်ပြား၊ ဤလေးပါးကား၊ မှတ်သား ဝစီပရမတည်း။ **(ဆရာတော်ဦးဗုမ်)**

## (၃) အနုပိယမိတ်ဆွေတု၏ လက္ခဏာ (၄) ပါး

၁။ ပါပါနုစာနမိတ် - မကောင်းမှုပြုလိုရာ၌ အခွင့်ပြုသောသူ။
၂။ ကလျာနနုစာနမိတ် - မကောင်းမှုပြုလိုရာ၌ အခါအခွင့်မသင့်သောအခါ၌ ခွင့်ပြုသူ။
၃။ သမုခဝဏ္ဏမိတ် - မျက်မှောက်၌ကျေးဇူးစကားကို ဆိုသောသူ။
၄။ ပရမုခါဝဏ္ဏမိတ် - မျက်ကွယ်၌ကျေးဇူးမဲ့စကားကို ဆိုသောသူ။

ဤလေးယောက်သောသူတို့သည် အကျိုးမရှိ ချစ်ဖွယ်သောစကားသာရှိသောကြောင့် အနုပိယမိတ်ဆွေယုတ်၊ မိတ်ဆွေတုတို့သာဖြစ်၍ သတိပြုဆက်ဆံရှောင်ကြဉ်သင့်ပါသည်။

* **ဆောင်ပုဒ်**။ ။ မကောင်းနှင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှု ခွင့်ပြုသည်ပင်၊ ရှေ့တွင်ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့မြင်သည်၊ လေးအင်ပိယဘာဏီတည်း။ **(ဆရာတော်ဦးဗုမ်)**

## (၄) အပါယသဟာယ မိတ်ဆွေတု၏ လက္ခဏာ (၄) ပါး

၁။ သုရာမေရယမိတ် - သေအရက်သောက်စားခြင်း၌သာ အပေါင်းအဖော်ဖြစ်သူ။
၂။ ဝိသိခစရိယမိတ် - အခါမဲ့သွားခြင်း၌သာ အပေါင်းအဖော်ဖြစ်သူ။
၃။ သမဇ္ဇစရိယမိတ် - ပွဲလမ်းသဘင်ရှုခြင်း၌သာ အပေါင်းအဖော်ဖြစ်သူ။
၄။ ဇူတမိတ် - လောင်းကစားခြင်း၌သာ အပေါင်းအဖော်ဖြစ်သူ။

ဤလေးယောက်သောသူတို့သည် ပျက်စီးကြောင်း၌သာ အပေါင်းအဖော်ဖြစ်သော အပါယသဟာယ မိတ်ဆွေယုတ်၊ မိတ်ဆွေတုတို့ဖြစ်၍ သတိပြုဆက်ဆံရှောင်ကြဉ်သင့်ပါသည်။

* **ဆောင်ပုဒ်။** ။သောက်ထုတ်သေရက်၊ ညဉ့်နက်လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရွှင်အနန်စာ၊ လေးရပ်မှာပင်၊ တကွထင်သည်၊ လေးအင်အပါယ်သဟဲတည်း။ **(ဆရာတော်ဦးဗုဓ်)**

## မိတ်ဆွေယုတ်၊ မိတ်ဆွေတုတို့ကိုရှောင်

အကြင်မိတ်ဆွေသည် စင်စစ်ယူသာ ယူတတ်၏။ အကြင်မိတ်ဆွေသည် နှုတ်မျှဖြင့်သာ ပေးတတ်၏။ အကြင်မိတ်ဆွေသည် အကြိုက်ကိုသာလိုက်၍ပြောဆိုတတ်၏။ အကြင်မိတ်ဆွေသည် ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်၏။

မိတ်ဆွေစစ်မဟုတ်သော၊ ပြဆိုခဲ့သော အညဒတ္ထုဟာရ မိတ် (၄) ယောက်၊ ဝစီပရမမိတ် (၄) ယောက်၊ အနုပိယမိတ် (၄) ယောက်၊ အပါယသဟာယမိတ် (၄) ယောက်တို့သည် စီးပွားပျက်ကြောင်း၊ မေ့လျော့ကြောင်းတို့ကိုသာ ဖြစ်စေတတ်သောကြောင့် ပါပမိတ်ဟူသောမိတ်ဆွေယုတ်၊ မိတ်ဆွေတုတို့သာဖြစ်ပါသည်။

မိတ်ဆွေစစ်မဟုတ်သော ဤမိတ်ဆွေတုတို့ကို ပညာရှိသည် ဤသို့ဆိုခဲ့တိုင်းသိ၍ ဘေးရန်ရှိသော ခရီးကိုဝေးစွာရှောင်ကြဉ်သကဲ့သို့ ဝေးစွာရှောင်ကြဉ်ကြရပါမည်။

## ကလျာဏမိတ်ဆွေကောင်း။ မိတ်ဆွေစစ် (၄) ယောက်

၁။ ဥပကာရမိတ် - စီးပွားဖြစ်မှု ကောင်းစွာကျေးဇူးပြုတတ်သော အဆွေခင်ပွန်း။
၂။ သမနသုခဒုက္ခမိတ် - ချမ်းသာအတူ၊ ဆင်းရဲအတူဖြစ်သော အဆွေခင်ပွန်း။
၃။ အတ္ထက္ခယီမိတ် - အကျိုးစီးပွားဖြစ်ရန် ပြောကြားတတ်သော အဆွေခင်ပွန်း။
၄။ အနုကမ္ပကမိတ် - အစဉ်သနားတတ်သော အဆွေခင်ပွန်း။

ဤလေးယောက်သော အဆွေခင်ပွန်းတို့သည် ကောင်းသောစိတ်ရှိကြသော ကလျာဏမိတ်စစ်တို့ ဖြစ်ပါသည်။ ထိုကလျာဏမိတ်စစ်တို့ကို ကောင်းစွာသိကြ၍ အမိသည် ရင်၌ဖြစ်သော သားကို ကောင်းစွာစောင့်ရှောက်ဘိသကဲ့သို့ ထို့အတူ ပညာရှိသည် ကောင်းစွာပေါင်းဖော် ဆည်းကပ်ရှိသေ စောင့်ရှောက်အပ်လှပါသည်။

## ကလျာဏမိတ္တ မိတ်ဆွေစစ် (၄) ယောက်တို့တွင် တစ်မျိုးစီ (၄) မျိုးစီပြားပုံ

### (၁) ဥပကာရ ကလျာဏမိတ်စစ်၏ လက္ခဏာ (၄) ပါး

၁။ ပမတ္တမိတ် - မေ့လျော့လျက် အသက်ခန္ဓာကို စိုးရိမ်ဖွယ်ရှိသောအခါ အသက်ခန္ဓာကို စောင့်ရှောက်သူ။

၂။ သာပထေယျမိတ် - မေ့လျော့လျက် စည်းစိမ်ဥစ္စာပျက်စီးဖွယ်ရှိသောအခါ စည်းစိမ်ဥစ္စာကိုစောင့်ရှောက်သူ။

၃။ သရဏမိတ် - ဘေးရန်ဖြစ်ပေါ်သောအခါ ကိုးကွယ်ရာပြုတတ်သောသူ။

၄။ ဒုဂုဏမိတ် - အကူအညီတောင်းခံက နှစ်ဆတက်၍ ထောက်ပံ့ကူညီတတ်သူ။

ဤလေးယောက်သောသူတို့သည် ကောင်းသောစိတ်နှလုံးရှိ၍ ကျေးဇူးပြုတတ်သော ဥပကာရ ကလျာဏမိတ်ဆွေတို့ဖြစ်၍ အစဉ်ပေါင်းဖော်မှီဝဲ ဆည်းကပ်သင့်ပါသည်။

* **ဆောင်ပုဒ်။** ။ မေ့လျော့စောင့်လှာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ ပြုဖွယ်ရှိက၊ နှစ်ဆဥစ္စာ၊ ချေးပေးလှာသည်၊ လေးဖြာဥပကာရတည်း။ **(ဆရာတော်ဦးဗုဓ်)**

### (၂) သမာနသုခဒုက္ခ ကလျာဏမိတ်စစ်၏ လက္ခဏာ (၄) ပါး

၁။ အာစိက္ခတမိတ် - မိမိ၏လျှို့ဝှက်အပ်သောအမှုကိစ္စကို မိတ်ဆွေအားပြောကြားသူ။

၂။ ပရိဂုယှမိတ် - မိတ်ဆွေ၏လျှို့ဝှက်အပ်သောအမှုကိစ္စကို လျှို့ဝှက်ထားသူ။

၃။ အဝိဇဟာနမိတ် - မိတ်ဆွေ၌ဘေးရန်ရှိသော် မစွန့်သောသူ။

၄။ ပရိစ္စတ္တမိတ် - မိတ်ဆွေ၏အကျိုးအတွက် မိမိအသက်ကိုပင် စွန့်နိုင်သောသူ။

ဤလေးယောက်သောသူတို့သည် တူမျှသော ချမ်းသာဆင်းရဲရှိသောကြောင့် သမာနသုခဒုက္ခ ကလျာဏမိတ်ဆွေစစ်တို့ဖြစ်၍ အစဉ်ပေါင်းဖော်ယှဉ်တွဲဆည်းကပ်အပ်လှပါသည်။

* **ဆောင်ပုဒ်**။ ။ လျှို့ဝှက်စကား၊ ကြားစတုံလျက်၊ တူလျှို့ဝှက်၍၊ ဘေးတွေ့မစွန့်၊ မတွန့်တိုပါ၊ သူသို့ညာလျက်၊ ကိုယ့်သက်စွန့်မြောက်၊ ဤလေးယောက်ကား၊ မျှလောက်ချမ်းသာဆင်းရဲတည်း။ (ဆရာတော်ဦးဗုမ်)

## (၃) အတ္ထက္ခာယီ ကလျာဏမိတ်စစ်၏ လက္ခဏာ (၄) ပါး

၁။ နိဝါရဏမိတ် - မကောင်းမှုကိုပြုခြင်းမှ တားမြစ်တတ်သောသူ။

၂။ နိယောဇနမိတ် - ကောင်းမှုကိုပြုခြင်း၌ တည်စေတတ်သောသူ။

၃။ သဝနမိတ် - မကြားဖူးသောတရားစကားကို ပြောကြားတတ်သောသူ။

၄။ အာစိက္ခဏမိတ် - နတ်ပြည်ရောက်ကြောင်း ခရီးလမ်းကို ပြောကြားတတ်သူ။

ဤလေးယောက်သောသူတို့သည် အကျိုးစီးပွားကို ပြောကြားတတ်သော ကောင်းသောစိတ်နှလုံးရှိသော အတ္ထက္ခာယီကလျာဏမိတ်စစ်တို့ မည်ပါသည်။

* **ဆောင်ပုဒ်**။ ။ မကောင်းမြစ်တာ၊ ကောင်းရာသွင်းထား၊ မကြားစေတောင်း၊ အကြောင်းကြားလှာ၊ နတ်ရွာလမ်းပြ၊ ဤလေးစကား၊ မည်ရအတ္ထက္ခာယီတည်း။ **(ဆရာတော်ဦးဗုမ်)**

## (၄) အနုကမ္ပက ကလျာဏမိတ်ဆွေစစ်၏ လက္ခဏာ (၄) ပါး

၁။ န-နန္ဒနမိတ် - မိတ်ဆွေ၏အကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးခြင်းကို မနှစ်သက်သောသူ။


၂။ နန္ဒနမိတ် - မိတ်ဆွေ၏အကျိုးစီးပွားတိုးပွားခြင်း၌ နှစ်သက်သောသူ။

၃။ နိဝါရဏမိတ် - မိတ်ဆွေအား ကဲ့ရဲ့စကားကို တားမြစ်တတ်သောသူ။

၄။ ပသံသမိတ် - မိတ်ဆွေအား ချီးမွမ်းစကားကို နှစ်သက်သောသူ။

ဤလေးယောက်သောသူတို့သည် အစဉ်အားဖြင့် စောင့်ရှောက်တတ်သော၊ ကောင်းသော စိတ်နှလုံးရှိသော အနုကမ္ပကလျာဏမိတ်စစ်တို့ မည်ပါသည်။

* **ဆောင်ပုဒ်**။ ။ ဥစ္စာခမ်းနား၊ မပွားသမြို့၊ မနှစ်လို့ငြား၊ ပွားကရွှင်မြူး၊ ကျေးဇူးမဲ့ကို၊ ဆိုသော်တားမြစ်၊ ကျေးဇူးဖြစ်ကို၊ ဆိုသော်ချီးမွမ်း၊ သူတို့တမ်းကား၊ မိတ်ကျွမ်းအနုကမ္ပကတည်း။ **(ဆရာတော်ဦးဗုမ်)**



## မိတ်ဆွေစစ်ကို ပေါင်းဖော်မှီဝဲပါ

- ❁ အကြင်မိတ်ဆွေသည် ကျေးဇူးပြုတတ်၏။
- ❁ အကြင်မိတ်ဆွေသည် ချမ်းသာအတူ၊ ဆင်းရဲအတူ ဖြစ်၏။
- ❁ အကြင်မိတ်ဆွေသည် အကျိုးစီးပွားကို ပြောကြားတတ်၏။
- ❁ အကြင်မိတ်ဆွေသည် အစဉ်သနားတတ်၏။
- ❁ ပညာရှိသောသူသည် ဤမိတ်ဆွေစစ်လေးယောက်တို့ကို ဤသို့ဆိုခဲ့တိုင်းသိ၍ အမိသည် ရင်၌ဖြစ်သောသားကို ချဉ်းကပ်သကဲ့သို့ ရိုသေစွာချဉ်းကပ်ရမည်။
- ❁ သီလနှင့်ပြည့်စုံသော ပညာရှိမိတ်ဆွေသည် တောင်ထိပ်၌ တောက်လောင်သောမီးကဲ့သို့ ထွန်းလင်းတင့်တယ်လေ၏။



## ဓမ္မပဒ ပါဠိတော်မြန်မာပြန်

### ပဏ္ဍိတဝဂ္ဂ - လူလိမ္မာ

၇၈။ ယုတ်မာသောအဆွေခင်ပွန်းတို့ကို မဆည်းကပ်ရာ။
ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောသူတို့ကို မဆည်းကပ်၊ မမှီဝဲရာ။
အဆွေခင်ပွန်းကောင်းနှင့် သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရာ၏။

### နာဂဝဂ္ဂ - ဆင်

၃၃၁။ အရေးကိစ္စပေါ်ပေါက်လာသောအခါ အဆွေခင်ပွန်းရှိခြင်းသည် ချမ်းသာ၏။
ရရသမျှသောပစ္စည်းဥစ္စာနှင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏။
အသက်ကုန်ချိန်ရောက်သောအခါ၌ ကောင်းမှုရှိခြင်းသည် ချမ်းသာ၏။
အလုံးစုံသော ဝဋ်ဆင်းရဲကင်းခြင်းသည် (နိဗ္ဗာန်သည်) ချမ်းသာ၏။

### ဘိက္ခုဝဂ္ဂ - ရဟန်း

၃၇၆။ စင်ကြယ်သော အသက်မွေးခြင်းရှိပြီး မပျင်းရိသော မိတ်ဆွေကောင်းတို့ကို ပေါင်းသင်း ဆည်းကပ်ပါလော့။
အာမိသဓမ္မ ပဋိသန္ထာရနှစ်ပါးတို့နှင့် ပြည့်စုံစေရာ၏။
ကျင့်ဝတ်သီလ၌ ကောင်းမွန်လိမ္မာရာ၏။
ထိုအကြောင်းများကြောင့် ဝမ်းမြောက်မှုများဖြစ်ရပြီးလျှင် ဆင်းရဲ၏ ကုန်ဆုံးရာကို ပြုရပေလတ္တံ့။

## ဒဏ္ဍဝဂ္ဂ - ဒဏ်

၁၃၇။ အပြစ်ဒဏ်ကင်း၍ မပြစ်မှားထိုက်သော ပုဂ္ဂိုလ်တို့၌ တုတ်၊ လှံတံ စသည်ဖြင့် စသည် ဖြင့် ပြစ်မှားသောသူသည် ဆင်းရဲကြောင်း ဒဏ်ဆယ်ပါးတို့တွင် တစ်ပါးပါးသော ဆင်းရဲခြင်းသို့ လျင်မြန်စွာပင်ရောက်ရပေ၏။

၁၃၈။ **ဒဏ်ဆယ်ပါးဟူသည်ကား ....**

ပြင်းထန်သော ရောဂါဝေဒနာခံစားရခြင်း။

ဥစ္စာပစ္စည်း ပျက်စီးဆုံးပါးခံရခြင်း။

လက်ပြတ်၊ ခြေပြတ်စသည်ဖြင့် ကိုယ်အင်္ဂါပျက်စီးရခြင်း။

နူနာစသော ကြီးကျယ်သောအနာမျိုးကို ခံစားရခြင်း။

ရူးသည်အဖြစ်သို့ရောက်ရခြင်း။

၁၃၉။ မင်းဘေးသင့်၍ စည်းစိမ်ချမ်းသာ ပျက်စီးခံရခြင်း။

ကြမ်းကြုတ်စွာ အစွပ်စွဲခံရခြင်း။

မိမိ၏မှီခိုရာ ဆွေမျိုး၊ အဆက်ပြတ်ပျက်စီးခြင်းနှင့်တွေ့ရခြင်း။

စည်းစိမ်ဥစ္စာ အခြေအနေပြောင်းလဲပျက်စီးခံရခြင်း။

၁၄၀။ မိမိအိမ်ကို မိုးကြိုးလောင်မီးသော်လည်းကောင်း၊

ပကတိမီးသော်လည်းကောင်း အလောင်ခံရခြင်း၊

(ဤကား ဒဏ်ဆယ်ပါးတည်း) ၎င်းဆယ်ပါးတို့တွင် တစ်ပါးပါးကို ခံရတတ်၏။

သေလွန်ပြီးသောအခါ၌လည်း ထိုလူမိုက်သည် ငရဲ၌ဖြစ်ရ၏။

## ခင်ပွန်းကြီးဆယ်ပါး ဆိုရိုးစကား၏ မူလဇစ်မြစ်

ခင်ပွန်းကြီးဆယ်ပါး ဆိုရိုးစကားသည် မည်သည်ကိုအကြောင်းပြု၍ မည်သည့်အခါက ဆိုရိုးပြုလျက် တွင်ကျယ်ခဲ့သည်ကို လက်လှမ်းမီသမျှ လေ့လာမိသည်ကို တင်ပြလိုပါသည်။ ဘိုးဘွားမိဘ ရှေးအစဉ်အလာကပင် ခင်ပွန်းကြီးဆယ်ပါး အလေးဂရုထား၍ မပြစ်မှားသင့်၊ မပြစ်မှားအပ်ကြောင်း မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာအားဖြင့် လူကြီးရော၊ ကလေးပါ နားယဉ်ခဲ့ကြသည်။ ခင်ပွန်းကြီးဆယ်ပါးနှင့်စပ်လျဉ်း၍ သူမွန်ပညာရှိတို့က အလေးအမြတ်ထား ရေးသားခဲ့ကြသည်။ အချို့ဆိုလျှင် အထူးအားဖြင့် ခင်ပွန်းကြီးဆယ်ပါး ပူဇော်ပွဲများပင် အလေ့အထတစ်ခုပြု၍ ပူဇော်ကြသည်။

### ခင်ပွန်းကြီးဆယ်ပါး မူလဇစ်မြစ်

ခင်ပွန်းကြီးဆယ်ပါး၏ မူလဇစ်မြစ်ကို လေ့လာသောအခါ တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ ဟူသော ဇာတ်ကြီးဆယ်ဘွဲ့လာ တေမိယဇာတ်ကို အခြေပြုခဲ့သည်ကို တွေ့ရှိရပါသည်။ ဆရာတော်ကြီးဦးဩဘာသာဘိဝံသ၏ သုတေသနသရုပ်ပြအဘိဓာန်၌ တေမိယဇာတက၊ ပါ၊ ဒု-၁၅၀ ဟု ကျမ်းညွှန်းပြလျက် သရုပ်အရေအတွက်နှင့်တကွ ကျေးဇူးမမေ့အပ်၊ မပြစ်မှားအပ်သော မိတ်ဆွေကောင်းကြီး (၁၀) ယောက်ကို ပြဆိုထားပါသည်။ ကျမ်းညွှန်းဆိုလိုရင်းမှာ စာ-၂၊ ၁၅၀ ကို ညွှန်းလိုရင်းဖြစ်၍ ဇာတကပါဠိတော် (၂) အုပ်ရှိသည့်အနက် ဒုတိယအုပ်လာ တေမိယဇာတ်တော်ညွှန်းသည့်နေရာတွင် ခင်ပွန်းကြီး (၁၀) ယောက်ဟု တိုက်ရိုက်ပြသည်ကိုမူ မတွေ့ရပါ။

ရှေးရိုက်ဘုရားရှိခိုးမူမှန်စာအုပ်တွင်မူ ကျေးဇူးရှင် (၁၀) ပါးဟူသော ခေါင်းစဉ်ဖြင့် ဤသို့ ပြဆိုထားသည်ကို တွေ့ရပါသည်။

**သဗ္ဗညုတည်း သုံးလူမြတ်စွာ၊ ပစ္စေကာနှင့်သယ်ာ၊အများ ထွင့်ဖျားရဟန္တာ၊ ဂုဏ်ဝါကွန့်မြူး ကျေးဇူးကြီးလှ၊ မိနှင့်ဘတည်း ပြသတတ်သင်၊ မြှုပြင်သုံးမ၊ ဟောထတရား စောင့်ထားသီလ၊ ဤဆယ်သဟု၊ မူလပက္ခ၊ ဇာတ်တော်ပြသည်၊ ကြီးလှကျေးဇူး ခေါ်အထူး၊**

ဟု ပြဆိုထားပါသည်။

ပြဆိုသော မုဂပက္ခဇာတ်ဟူသည် တေမိယဇာတ်ပင်ဖြစ်ပါသည်။ သီရိပဝရသုဓမ္မာဘိလင်္ကာရဘွဲ့တော်ရှိသော လုံးတော်ဆရာတော်ရေးသားစီရင်တော်မူအပ်သော ပုဏ္ဏာပကိဏ္ဏက ကျမ်း၊ စာမျက်နှာ-၇၁ တွင်မူ ခင်ပွန်းကြီးဆယ်ပါးကား အဘယ်နည်း . .

**ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ၊ သာဝကာ အဂ္ဂသာဝကာ**

**မာတာပိတု ဂုရုသတ္ထာ၊ ဒါယကာ ဓမ္မဒေသကာ။**

ဤသို့ကျမ်းလာရကား . . .

(၁) သဗ္ဗညုဘုရားသခင် (၂) ပစ္စေကဗုဒ္ဓါ

(၃) သာဝကာရဟန္တာ (၄) လက်ျာရံ လက်ဝဲရံ

(၅) အမိ (၆) အဖ

(၇) ဆရာ (၈) အဖန်တလဲလဲမပြတ် ဆုံးမပေတတ်သောဆရာ။

(၉) ပေးကမ်းဖူးသောသူ (၁၀) တရားဟောပေးသောသူ။

ဤသည်လျှင် ခင်ပွန်းကြီးဆယ်ပါးတည်းဟု ကျမ်းညွှန်းမဆို ပြဆိုထားပါသည်။

ဘုရားရှိခိုးအမျိုးမျိုး မူဟောင်းစာအုပ် ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်မှ (၁၉၅၆) ခုနှစ်ထုတ်တွင်မူ ခင်ပွန်းကြီးဆယ်ပါး ရှိခိုးဂါထာအဖြစ် ဤသို့ ပြဆိုထားပါသည်။

**ဗုဒ္ဓေါ ပစ္စေကဗုဒ္ဓေါစ၊ အရဟာ အဂ္ဂသာဝကာ၊**

**မာတာပိတု ဂုရုသတ္ထာ၊ ဓမ္မဒေသကာစ ဒါယကာ၊**

**ဣမေ ဒသ မဟာဂုဏော၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။**

**ဗုဒ္ဓေါစ-** သစ္စာလေးပါး တရားသိမြင် ဘုရားရှင်လည်းကောင်း၊ **ပစ္စေကဗုဒ္ဓေါစ-** ကိုယ်တိုင်သစ္စာသိပြီးပါလည်း ဟောကာမပြ သီးခြားရသော ပစ္စေကဗုဒ္ဓါလည်းကောင်း၊ **အရဟာစ-** အာသဝေါကုန်ခမ်း ရဟန္တာအရှင်လည်းကောင်း၊ **အဂ္ဂသာဝကာစ-** လက်ဝဲလက်ယာခြံရံကာဖြင့် ပညာတန်ခိုး စိုးမိုးတက်လှ အဂ္ဂသာဝကတို့လည်းကောင်း၊ **မာတာစ-** ကိုးလလွယ်ရ၊ ဆယ်လဖွားက အစာဆိမ့်အေး၊ နို့ချိုပေး၍ မွေးသည့်မိခင် ကျေးဇူးရှင်လည်းကောင်း၊ **ပိတုစ-**

လူလားမြောက်အောင် လုပ်ဆောင်ကျွေးမွေး ပညာပေးသည့် ကျွေးသဖခင် ကျေးဇူးရှင်လည်းကောင်း၊ **ဂုရုစ-** ချမ်းသာရန်တွေး ပညာပေးသဖြင့် အလေးအမြတ်ပြုအပ်သော ဆရာလည်းကောင်း၊ **သတ္ထာစ-** လိမ္မာစေကြ ကျိုးကြောင်းပြလျက် ဆုံးမပေတတ် ဆရာမြတ်လည်းကောင်း၊ **ဓမ္မဒေသကာစ-** သံသရာခရီးစခန်း သွားရာလမ်း၌ ပင်ပန်းကင်းရန် ရည်သန်ညွှန်ကြား မမှောက်မှားရအောင် တရားဟောဖော်တတ်သူတို့လည်းကောင်း၊ **ဒါယကာစ-** စားရေး၊ နေရေး၊ မနှောင့်နှေးရအောင် ပေးဆောင်တတ်သူလည်းကောင်း၊ **ကမ္မဒေသမဟာဂုဏော-** ကျေးဇူးစုပုံဆပ်မကုန်သည့် ဂုဏ်အင်မြင့်ကျူး၊ ဤ (၁၀) ဦးသော သူတို့ကို၊ **အဟံ-** အကျွန်ုပ်သည်၊ **သဗ္ဗဒါ-** နေ့ညဥ့်မပြတ် အချင်းခပ်သိမ်း၊ **ဝန္ဒာမိ-** ကျေးဇူးယှက်မြေး စိမ့်စိမ့်တွေးလျက် မြတ်လေးကြည်ယုံသဒ္ဓါဟုန်ဖြင့် လက်စုံချည်မိုး ပျပ်ဝပ်လျှိုး၍ ရှိခိုးလိုက်ပါ၏ ဘုရား။

ဟူ၍ ပါဠိအနက် ပြန်ဆိုထားပါသည်။

ဤနည်းတူ တွေ့ရှိရသော ဘုရားရှိခိုးအမျိုးမျိုးစာအုပ်တို့၌ လာရှိသည်တွင် ဒါယကာစ ဟူရာ၌ လူပုဂ္ဂိုလ်တို့အတွက် ဒါယကာကို ရှိခိုးထိုက်သော်လည်း ရဟန်းတော်များအနေဖြင့်မူကား မသင့်ပါ။ သို့သော် အလေးထားအပ်သော ကျေးဇူးရှင်သည်ကား ဖြစ်ပေသည်။

ခင်ပွန်းကြီးဆယ်ပါးနှင့် စပ်လျဉ်း၍ မူလဇစ်မြစ်သည်ကား တေမိယဇာတ်၌ အခြေခံနေသည်ဖြစ်ပါသည်။ တေမိယဇာတ်ပါဠိတော်၏ အဖွင့်အဋ္ဌကထာ (ဇာ၊ဋ္ဌ၊၆၊၁၈) ၌ လာရှိသော-

ဒသမိတ္တပူဇဂါထာနာမ အာရဘိ ဟု မိန့်ဆိုထားသည်။ ယင်းအဋ္ဌကထာကို နိဿယပြန်ဆိုသော ဆရာတော်က ဒသမိတ္တပူဇာနာမ (၁၀) ပါးသောခင်ပွန်းတို့အား ပူဇော်ရာဂါထာမည်သည်ကို (တစ်နည်းကား) ဘုရားအစရှိသော တစ်ကျိပ်သော အဆွေခင်ပွန်းကောင်းတို့အား မပြစ်မှားရာသော (၁၀) ပါးသောဂါထာမည်သည်ကို အာရဘိ - အားထုတ်၏ ဟူ၍ (၁၂၇၁) ခု၊ နတ်တော်လပုံနှိပ် ကဝိမျက်မှန်စာပုံနှိပ်တိုက်ထုတ် တေမိယဇာတ် အဋ္ဌကထာ နိဿယ (၁၀၃) ၌ မိန့်ဆိုထား၍ ခင်ပွန်းကြီး (၁၀) ပါး အခြေပြုဖြစ်ပေါ်လာခဲ့ကြောင်း သတိပြုဖွယ် ဖြစ်ပါသည်။

မင်းဘူးဆရာတော် ဦးဩဘာသ၏ တေမိယဇာတ်တော်ကြီးဝတ္ထုနှင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသ၏ တေမိယဇာတ်တော် ဟောစဉ်တရား၌ မိတ္တပူဇာ (၁၀) ဂါထာဟု ဆိုထားပါသည်။

မင်းဘူးဆရာတော်ဦးဩဘာသ၏ တေမိယဇာတ်တော်ကြီးဝတ္ထု၌ ဤသို့ပြဆိုထားပါသည်။ ဤလောက၌ ချစ်ခြင်းမေတ္တာကို တစ်နေ့မခြား ပွားစေအပ်သောသူကား တစ်ကျိပ်အရေအ

တွက်ရှိ၏။ တစ်ကျိပ်ဟူသည်ကား ...

၁။ သဗ္ဗညုမြတ်စွာဘုရား
၂။ ပစ္စေကဗုဒ္ဓါ
၃။ ကိလေသာကုန်ပြီးသော ရဟန္တာ
၄။ မြတ်စွာဘုရား၏ လက်ျာရံ လက်ဝဲရံဖြစ်သော အဂ္ဂသာဝကအရှင်မြတ်
၅။ အမိ
၆။ အဖ
၇။ အရွယ်ကြီးခြင်း၊ အမျိုးမြတ်ခြင်း၊ ပညာကြီးခြင်း၊ သီလသမာဓိရှိခြင်း အစရှိသောဂုဏ်တို့ကြောင့် အလေးအမြတ်ပြုအပ်သောသူ
၈။ အကျိုးအကြောင်းကို ဆုံးမသွန်သင်ပဲ့ပြင်ပေးတတ်သူ
၉။ ထမင်း၊ အဖျော်၊ အိပ်ရာနေရာ၊ အဝတ်ပုဆိုးစသည် တစ်စုံတစ်ခုပစ္စည်း အာမိသ ပေးဖူးသောသူ
၁၀။ သူခပ်သိမ်းတို့ကို ကုသိုလ်တရားပွားများစေခြင်းငှာ တရားဟောပေးသောသူ။

ဤသို့အားဖြင့် တစ်ကျိပ်ကုန်သောသူတို့သည် အဖန်တလဲလဲ မေတ္တာကိုသာ ပွားစေအပ်သောကြောင့် အဆွေခင်ပွန်းမည်ကုန်၏ဟူ၍ ပြဆိုထားပါသည်။

ခင်ပွန်းကြီး (၁၀) ပါးနှင့်စပ်လျဉ်း၍ သဗ္ဗညုဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓါ၊ အမိ၊ အဖ၊ တရားဟောပြသူ ဟူသော ငါးဦး၌ မူကွဲမပြား ညီညွတ်သည်။ ဂုရုကား ဂုရုနှင့်တူသည်ဖြစ်၍ အတတ်သင်ပေးသော ဆရာဟူ၍လည်းကောင်း၊ အလေးပြုအပ်သူဟူ၍လည်းကောင်း၊ အယူအဆနှစ်မျိုးပြားသည်။ ဤတွင် အလေးပြုအပ်သူကား ဆရာဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အလေးအမြတ်ပြုအပ်သူဟူသမျှသည် ဂုရုမည်နိုင်ပါသည်။

သတ္တာအရလည်း ညွှန်ပြဆုံးမသူဟုယူလျှင် ဆရာဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သက်ဆိုင်နိုင်သည်။ သဒ္ဓါတရားနှင့်ပြည့်စုံသူ၊ သီလစောင့်သူ၊ ဝုဒ္ဓါပစာယန၊ ဟိတကရတို့ကို ခင်ပွန်းကြီး၌ ထည့်သွင်းဆိုသည်ကာ အရေအတွက်ပြည့်ရုံသာဆိုနိုင်ပေမည်။

ခင်ပွန်းကြီးဆယ်ပါးရှိခိုးပါဠိဂါထာအရ အဂ္ဂသာဝကဟု ပြဆိုရာတွင် မဟာသာဝကသည်လည်း အဝင်အပါဟုဆိုရမည်။ ခင်ပွန်းကြီး (၁၀) ပါးဟု ဆိုသော်လည်း အင်္ဂုတ္တိုရ်သတ္တကနိပါတ် မိတ္တသုတ်ကိုထောက်လျှင် (၆၀) ကျော်ဖြစ်နိုင်ကြောင်း မိန့်ဆိုထားပါသည်။

သို့ဖြစ်၍ မပြစ်မှားသင့် မပြစ်မှားထိုက်သော ကျေးဇူးရှင်ကြီးဆယ်ပါး (ခင်ပွန်းကြီးဆယ်

ပါး) တို့ကို အစဉ်အလေးဂရုပြုလျက် ရှိသေအလေးအမြတ်ထား၍ မပြစ်မှားသောသူတို့သည် ခင်ပွန်း၌ ပြစ်မှားခြင်း မိတ္တဒုဗ္ဘိကံတို့မှ ကင်းလွတ်၍ မိတ္တပူဇာဟူသော ခင်ပွန်းတို့၌ လေးမြတ်ပူဇော်ရခြင်းအကျိုးအားကြောင့် ပစ္စုပ္ပန်သံသရာ ကောင်းကျိုးချမ်းသာမင်္ဂလာအဝဝတို့ ပြည့်စုံခံစားကြရမည်ဖြစ်ကြောင်း ပူဇော်တင်ပြအပ်ပါသတည်း။

## ကျမ်းညွှန်း

၁။ မင်းဘူးဆရာတော် ဦးဩဘာသ တေမိယဇာတ်တော်ကြီး
၂။ လုံးတော်ဆရာတော် ပုစ္ဆာပကိဏ္ဏကကျမ်း
၃။ ဂိဟိဝိနယကထာစာတမ်း၊ ဟံသာတမြို့၊ ဘုရားကြီးကျောင်းတိုက်၊ မဟာဒွါရနိကာယ သာသနာပိုင်ဆရာတော်ဘုရားကြီး။
၄။ ရန်ကုန်မြို့၊ ကုက္ကိုင်းရပ် တေဇိန္ဒာရာမကျောင်းတိုက်၊ ဂဏဝါစကအရှင်တေဇိန္ဒ ရေးသား စီရင်အပ်သော လူတို့ကျင့်ထုံးနယူပဒေသာဒိကျမ်း။
၅။ ဟံသာတခရိုင်၊ မဲဇလီကုန်းမြို့၊ ခေမာသီဝံကျောင်းတိုက်၊ အရှင်ဇောတိဿရ ရေးသား စီရင်အပ်သော လူဝိနည်းနှင့် ပရာဘဝသုတ်ပါဠိနိသျ။
၆။ ဟံသာတမြို့ မြစ်ကွေ့ပရိယတ္တိစာသင်တိုက်ကျောင်း သမိုင်းမော်ကွန်းနှင့် ဂုဏပူဇာသဘင် မှတ်တမ်းစာစောင်၊ စာမျက်နှာ (၈၀) ပါ ခင်ပွန်းကြီး (၁၀) ပါး။
အရှင်တိလောကာဘိဝံသ (အင်းစိန်)
၇။ ကျေးဇူးရှင်ပြစ်မှား ဒဏ်ဆယ်ပါးနှင့် ခင်ပွန်းကြီးဆယ်ပါး ကန်တော့ခန်း။ ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတ။
၈။ အရှင်နေမိန္ဒြဓမ္မဝိဇ္ဇာဟောကြားတော်မူသည့် ခင်ပွန်းကြီးဆယ်ပါး အကြောင်းစပ် ဝန်ချ တောင်းပန်ခြင်း ကျင့်နည်းလမ်းညွှန်။
၉။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဗုဒ္ဓဘာသာကောင်းတစ်ယောက်။
၁၀။ဓမ္မပဒ ပါဠိဘာသာမူကို ဆရာတော်အရှင်သေဋ္ဌိလက မြန်မာဘာသာသို့လည်းကောင်း၊ ဆရာတော်ဗုဒ္ဓရက္ခိတက အင်္ဂလိပ်ဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုမှု မူနှစ်မူ။
၁၁။ပါဠိမြန်မာအင်္ဂလိပ် သုံးဘာသာဓမ္မပဒ ကမ္ဘာအေးဆရာတော် အရှင်ပညာဒီပ ပြုစုသည်။
၁၂။ဗုဒ္ဓ၏ လူမှုရေးတရားတော်များ။ ဦးခင်မောင်ဝင်း။
၁၃။မှန်နန်းရာဇဝင်တော်ကြီး၊ စတုတ္ထတွဲ။

## အာသီသဆုတောင်း

ခင်ပွန်းကြီးဆယ်ပါး ကျေးဇူးအားကို
လေးစားမြတ်နိုး၊ လက်စုံမိုး၍
ရှိခိုးပူဇော်၊ ရည်မျှော်မာန်လျှော့
ကန်တော့ပါရ၊ မြတ်ပုညကြောင့်
ကောင်းမှုရှိမျှ၊ ထိုသူတို့ကား
ကောင်းဖို့ကောင်းရာ၊ ကောင်းဇာတာနှင့်
ကောဇာကောဝိန်၊ ဆတ္တိန်တြင်း နဝင်းနက္ခတ်
ပါဒ်ဗီဇနာ၊ ခရာဟူသမျှ
ကောင်းကျိုးပြလျက်၊ ပစ္စုပ္ပန်သံသရာ
နှစ်ဖြာအကျိုး၊ ပွားတိုးရှက်ဆောင်နိုင်ကြပါစေသော်၀်။ ။